# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇) ၊ ၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၁ ရက် ၊ ၁၆-၁၂-၂၀၂၄ ၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပ

# တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာ တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ သို့ ○

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် ဒီဇင်ဘာ ၁၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/စလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက် ၊ တနင်္လာနေ့ ။

မန္တလေးနေ့စဉ်

# ကျန်းမာရေးအသိ အစဉ်ရှိဖို့လိုအပ်မည်

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု မြန်မာလူမျိုးတိုင်းက ပြောဆိုတတ်ကြသည်။ ကျန်းမာရေးကောင်းမွန်သူတစ်ဦးသည် ဉာဏ်ကိုအရင်းခံကာ ပညာကိုလည်းရှာဖွေနိုင်မည်ဖြစ်သည်။ စီးပွားဥစ္စာကိုလည်း တိုးသထက်တိုးပွားအောင်ကြံဆောင်နိုင်မည်။ လူမှုရေးကိစ္စများကိုလည်း အားတက်သရော ကူညီနိုင်မည်ဖြစ်သည်။

ကျန်းမာရေးကောင်းခြင်းကြောင့် ကမ္ဘာ့မြေပြင် အနှံ့ကိုလည်း ခြေဆန့်နိုင်မည်ဖြစ်သည်။ စိတ်သွားတိုင်းကိုယ်ပါကာ မိမိဖြစ်လိုသမျှကို စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကျန်းမာခြင်းရှိသောသူသည် ကံ၊ ဉာဏ်၊ ဝီရိယကိုအခြေခံ၍ အောင်မြင်မှုများကို တစ်ခုပြီးတစ်ခုရယူပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်ဥစ္စာပစ္စည်းများစွာ ပိုင်ဆိုင်သူနှင့်နှိုင်းယှဉ်ကာကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုကြခြင်းလည်းဖြစ်သည်။

ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ကျန်းမာရေးအတွက်ဆောင်ရန်အချက်မှာ ကိုယ်လက်လှုပ်ရှား အားကစားကိုပုံမှန်လုပ်ဆောင်ပေးရမည်။ ကိုယ်လက်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်မှ ချွေးထွက်ရှိစေသဖြင့် ကိုယ်ခန္ဓာပေါ့ပါးလန်းဆန်းစေမည်လည်းဖြစ်သည်။ သွေးလည်ပတ်မှုနှုန်းမြန်စေပြီး ကြွက်သားများ သန်မာစေမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန်အချိန်မရလျှင် လမ်းလျှောက်သင့်သည်။ လမ်းလျှောက်ခြင်းသည် အညောင်းအညာပြေစေသည့်အပြင် အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်းတို့ကိုဖြစ်စေသည်။ ကျန်းမာရေးအတွက် ဆောင်ရန်အချက်များအနက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင်သန့်ရှင်းရေးတို့လည်းပါဝင်နေသည်။ သန့်သန့်ရှင်းရှင်းနေထိုင်မှ ရောဂါပိုးမွှားများ အလွယ်တကူမဝင်ရောက်နိုင်မှာဖြစ်သည်။ လက်များကို စနစ်တကျစင်ကြယ်အောင်ဆေးပြီးမှ အစာကိုစားသုံးသင့်သည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် လေကောင်းလေသန့်များများရှူပေးရန်လည်းလိုမည်ဖြစ်သည်။ လေကောင်းလေသန့်ရှူခြင်းသည်အဆုတ်ကို အားကောင်းစေပြီး အဆုတ်နှင့် သက်ဆိုင်သောရောဂါများကို ပျောက်ကင်းစေမည်။ ကျန်းမာရေးအတွက်အသိအစဉ်ရှိဖို့ လိုအပ်မည်ဖြစ်သည်။

ကျန်းမာရေးအတွက် ရှောင်ရန်အချက်များလည်းရှိသည်။ကျန်းမာရေးအတွက် အရေးကြီးသော ရှောင်ရန်အချက်တစ်ခုမှာ မတည့်သောအစားအစာများကို သတိထားကာ စားသုံးရန်သင့်သည်။ ထို့အပြင် အဆီအဆိမ့်များ၊ အငန်နှင့်အချိုများသောအစားအစာတို့သည် လူကိုဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် သတိထားပြီး စားသုံးရန်လိုမည်ဖြစ်သည်။ ရှောင်ရန်နောက်တစ်ချက်မှာ ရေချိုးမမှားစေရန်ဖြစ်သည်။ ရေချိုးမှားပါက သာမန်အဖျားရောဂါမှ လေဖြတ်ရောဂါအထိ ဖြစ်ပွားစေနိုင်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည်လည်း ကျန်းမာရေးကို ထိခိုက်စေသဖြင့် ရှောင်ရှားရမည်ဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ အကျိုးရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်သည့် ရှောင်ရန်အချက်များကို အစဉ်လိုက်နာနေထိုင်သင့်သည်။

သို့ဖြစ်ရာ ကျန်းမာရေးအသိ အစဉ်ရှိဖို့လိုအပ်မည်ဖြစ်ရာ ကျန်းမာမှသာ ပညာလည်းရှာဖွေနိုင်၊ စီးပွားလည်းရှာဖွေနိုင်မည်ဖြစ်သည်။ ကျန်းမာသန်စွမ်းရေးအတွက် အမြဲတမ်းသတိနှင့်ယှဉ်ကာ ဂရုတစိုက်နေထိုင်သွားပါက ကျန်းမာခြင်းဟူသည် လာဘ်တစ်ပါးဖြင့် ပြည့်စုံမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Grade 11နှင့် Grade 12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပေးပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၁၅**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် Grade-11 နှင့် Grade-12ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပေးပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးပညာရေးမှူးတို့က သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံသို့လည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် International School များမှ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

## ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းပြီးစီးမှုများကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စစ်ဆေး



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်၊ စံပယ်ပင်ကျေးရွာ၌ ရေရရှိရေးအတွက် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများပြီးစီးမှု ရေဝင်ရောက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၃ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်နေ ပြည်သူများနွေရာသီကာလ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားထိန်းသိမ်းကြရန် လမ်းညွှန်မှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ စံပယ်ပင် ကျေးရွာ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းသည် အလျား ပေ၃၅၀၊ အနံ ပေ၂၀၀၊ အနက် ၅ပေရှိ မြေသားရေကန် တူးဖော်ခြင်းနှင့် တုံကင် (၄)ခု တပ်ဆင်ခြင်းလုပ်ငန်းများကို၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ISB ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ စံပယ်ပင်ကျေးရွာအပါအဝင် ရွာအိုကျေးရွာနှင့် ရွာသစ်ကျေးရွာ စုစုပေါင်း ကျေးရွာ(၃)ရွာရှိ အကျိုးပြုအိမ်ခြေ (၃၁၉)အိမ်နှင့် လူဦးရေ (၁၂၆၅)ဦးကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏ စွမ်းရည် မြင့်မားတိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည် ဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော် (လေ) အတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့လည်း ဖြစ်ကြောင်း။

ယခင်က တပ်မတော်(လေ) လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားများ (၁၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များကို တပ်တော်ဝင်ခြင်းဆောင်ရွက်ပြီး တပ်မတော်(လေ) သို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့် အခြားပျံသန်းရေး တာဝန်များ ထမ်းဆောင်ရာတွင် အဓိကအရေးပါသည့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာ ရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်လည်း ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်စဉ်။

★ မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရ

★ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်းတိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရ

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင် ပဋိပက္ခများကို လေ့လာ ဆန်းစစ်ကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်း တိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့်အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျော

စာမျက်နှာ ၄ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂျက်တိုက်လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုကြစဉ်။

○ စာမျက်နှာ ၃ မှ

ညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကိုအလေးအနက် မှာကြားလိုကြောင်း။

ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချစစ်ဆင်နိုင်ရန် လေ့ကျင့်သား ပြည့်ဝမှုသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် တစ်ကြိမ်တစ်ခါလေ့ကျင့်ရုံဖြင့် မလုံလောက်ဘဲ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အချင်းချင်း အားပြိုင်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် နိုင်ငံငယ်များအပေါ် ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ ပြည်တွင်း မငြိမ်မသက်မှုများသည် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေကြောင်း။

တပ်မတော်(လေ)၏သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်ဖွဲ့သတ္တိတို့ကိုအရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ဖြင့်ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရကြောင်း၊ထိုကဲ့သို့မြင့်မြတ်ဂုဏ်ယူဖွယ်ဖြစ်သည့် အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေဆက်လက်ပေးအပ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော် ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင် ထမ်းဆောင်သွားကြရန်၊ ယခုတပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက်ကာကွယ် စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီ တပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ် တည်ဆောက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားစဉ်။

ယင်းနောက်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင် အဖြစ် ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းတို့က နိုင်ငံတော်အလံနှင့် တပ်မတော်အလံကိုချိတ်ဆွဲပြီး အပေ့ါစားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းတို့က ခြံရံလိုက်ပါပျံသန်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုကြသည်။

ယင်းနောက် အပေ့ါစား သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်လေးစင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တပ်မတော်(လေ)မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ကင်းထောက်လေယာဉ် နှစ်စင်းနှင့် အမောင်းသင်လေယာဉ် တစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ ဂျက်တိုက် လေယာဉ်သုံးစင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းနှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ်သုံးစင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းမောင်းနှင်ကြပြီး ရှုရပ်၏ ရှေ့တူရူတည့်တည့်မှ ပျံသန်းဝင်ရောက်ကာ ယပ်တောင် ဖြန့်ခွဲပုံစံဖြင့် လည်းကောင်း၊ အမောင်းသင်လေယာဉ်တစ်စင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် တစ်စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ်တစ်စင်းတို့က အမျိုးအစားမတူ၊ အရွယ်အစားမတူ၊ ပျံသန်းနှုန်းမတူညီသည့်လေယာဉ်အမျိုးအစားသုံးမျိုးတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။



လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြစဉ်။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ဖွဲ့စည်းတည်ထောင်မှု (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက်များအား ဘေးမဲ့လွှတ်ပေးကြစဉ်။

○ စာမျက်နှာ ၄ မှ

ထို့နောက် တိုက်လေယာဉ် တစ်စင်းက အမြန်နှုန်း တစ်နာရီ ၉၀၀ ကီလိုမီတာနှုန်း High Speed Flight ဖြင့် ပျံသန်းကာ ရုတ်ခြည်း အပေါ်တည့်တည့်သို့ ထောင်တက်၍ Zoom Climb Maneuver ကို စွမ်းရည်သရုပ်ပြ ပျံသန်းပြီး စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းက ရန်သူမှ တန်ပြန်ပစ်ခတ်လာနိုင်သည့် လေကြောင်းရန် ကာကွယ်ရေး လက်နက်များအား ရှောင်ရှား ပျံသန်းရာတွင် လည်းကောင်း၊ မိမိလေယာဉ်နောက်မှ လိုက်ပါလာသည့် ရန်သူကိုလှည့်စားပြီး ရန်သူ့လေယာဉ်၏ဘယ် သို့မဟုတ် ညာဘက်သို့ ကွေ့ဝိုက်ကာ ရန်သူ့လေယာဉ် အနောက်တည့်တည့်မှ ပြန်လည်နေရာယူတိုက်ခိုက်သည့် ပုံစံ Oblique Loop Maneuver ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့်ပျံသန်း၍လည်းကောင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာ လိုက်လာသည့် ရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Roll ပြုလုပ်ကာ Multi Roll ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့် ပြုလုပ်ပျံသန်း၍လည်းကောင်း၊ သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သည့် High AOA Loop ပုံစံဖြင့် သရုပ်ပြပျံသန်း၍ လည်းကောင်း၊ ရှုရပ်၏အနောက်တည့်တည့်မှ ဝင်ရောက်ပြီး မီးကျည်များပစ်လွှတ်၍ လည်းကောင်း စွမ်းရည်သရုပ်ပြပျံသန်းသည်။

ဆက်လက်၍ ဇီဝိတဒါန ငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ငှက် အကောင်ရေ ၇၇ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပါဝင်ပျံသန်းခဲ့သည့် MTX-1A နှင့် MTX-1B လေယာဉ်များသည် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များကိုယ်တိုင် စမ်းသပ်တီထွင် ထုတ်လုပ်ထားသော ကင်းထောက်လေယာဉ် အမျိုးအစားဖြစ်သည်။ Reverse Engineering နည်းလမ်းဖြင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနှင့် အတွေ့အကြုံများရရှိရန် ရည်ရွယ်၍ စမ်းသပ်ထုတ်လုပ်တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး MTX-1A လေယာဉ်အား Cockpit Flight Display System၊ Communication & Navigation System တို့ကို Design ထုတ်လုပ်၍ System Integration ပြုလုပ်တပ်ဆင်ကာ ၂၀၂၁ ခုနှစ် မတ် ၂၅ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။

MTX-1A လေယာဉ်ထုတ်လုပ်မှုအတွေ့အကြုံများကို အခြေခံ၍ ပိုမိုခေတ်မီအဆင့်မြင့်သည့် MTX-1B လေယာဉ်အား တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက အဆင့်မြင့် Cockpit Display များ၊ ဆက်သွယ်ရေး စနစ်များနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ကာ ထပ်မံဆန်းသစ်တီထွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ထုတ်လုပ်မှု ရည်ရွယ်ချက်များအတိုင်း လေယာဉ်ကိုယ်ထည်ပိုင်း၊ လျှပ်စစ်နှင့် အင်ဂျင်အပိုင်း၊ လေကြောင်းလမ်းပြစနစ်၊ ဆက်သွယ်မှုစနစ်များနှင့် မောင်းနှင်ထိန်းသိမ်းမှုပြသသည့်စနစ်များအား ဒီဇိုင်းရေးဆွဲထုတ်လုပ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်ထုတ်လုပ်မှုအဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးခြင်းနှင့် Functional and Operational Test လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး Turboprop အင်ဂျင်နှင့် Glass Cockpit System တို့ တပ်ဆင်ထားသည့် MTX-1B လေယာဉ်အား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ MTX-1B လေယာဉ်အား ၂၀၂၄ ခုနှစ် မတ်လတွင် စမ်းသပ်ပျံသန်းခြင်းများကို အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြခန်းများအတွင်း ပြသထားသည့် လေကြောင်း သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်(လေ) ဝတ်စုံများ၊ တပ်မတော်(လေ) သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အကြိမ်(၃၀)မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



မန္တလေး ဒီဇင်ဘာ ၁၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၏ အကြိမ်(၃၀) မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တက္ကသိုလ်များမှ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ ပြင်ပကျမ်းစစ်ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ၊ ပြင်ပပညာရှင်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ဆုတောင်းပတ္ထနာပြုကာ သာရဏီယဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက သမ္မောဒနီယဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမုဒက အကြိမ်(၃၀)မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း မြွက်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် ဝန်ကြီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုများကို တတ်စွမ်းသရွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ဘွဲ့ခံသံဃာတော်များ နှစ်စဉ်ပေါ်ထွန်းရေး၊ နယ်စပ်တောင်တန်းဒေသများတွင် သာသနာထွန်းကားပြန့်ပွားနိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆန္ဒပြုလျှောက်ထားသည်။

ယင်းနောက် ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး ပါမောက္ခချုပ်ဆရာတော်များထံ အသီးသီးဘွဲ့ခံယူကြကာ ဘွဲ့ခံရဟန်းတော်များက နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး ရှေ့မှောက်တွင် သာသနာပြုကတိသစ္စာခံယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ဘဒ္ဒန္တစန္ဒနသာရထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြကာ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပူဇော်ကြသည်။

ယနေ့ သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ရ ၁၄ ပါး၊ သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ရ ၁၁၄ ပါး စုစုပေါင်း ဘွဲ့ရအရှင်သူမြတ် ၁၂၈ ပါး ဘွဲ့ခံယူခဲ့ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ အကြိမ် (၃၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၃၁၆ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၅ မှ

သမိုင်းဝင်လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီမျိုးဆက်သစ် တိုက်ခိုက်ရေး လေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော်(လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင် အခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ) အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ) မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရောနစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးကြပြီးနောက် လေတပ်စခန်း ဌာနချုပ်များအလိုက် အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်း ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောတပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာ (၄)ချက် ရွတ်ဆိုခြင်းများဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က (၇၇) နှစ်မြောက် တပ်မတော် (လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

အလားတူ (၇၇) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပရာ မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီးတို့ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်မိန့်ခွန်း ပြောကြားစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

**တက်ရောက်ကြည့်ရှုအားပေး**

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲပွဲစဉ်များကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက အမျိုးသား ၇၀ ကီလိုအထိ ကာလဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား ၇၅ ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသား၇၅ ကီလိုအထက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်ထွန်းက အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်သိန်းက အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့်

စာမျက်နှာ ၈ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်တွေ ဒီဇင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ လူငယ်သင်တန်းကျောင်း သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အခမဲ့ပညာသင်ကြားရေးနှင့် နေထိုင်စားသောက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးထားသည့်အပေါ် ကျေးဇူးသစ္စာစောင့်သိရှိသေကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသားကျောင်းသူများအား အတွေးအခေါ်အသိအမြင်နှင့် ဆင်ခြင်တုံတရားပြည့်ဝ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နောင်တစ်ချိန်တွင် မိမိနိုင်ငံ၊ မိမိဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ နိုင်ငံတော်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများဖြစ်အောင် လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၇ မှ

ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသူများအား တွေ့ရစဉ်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့်ကာကွယ်ရေးဝန်ကြီးဌာန နှင့် တတိယဆုရရှိသည့်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၆ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၅

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၄ ခုနှစ် ပဠမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ နန္ဒအောင် ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၄ ခုနှစ် ပဠမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀x၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို သုံးပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-သုံးဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-တစ်ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၂၅ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စက်မှုဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အသင်းကို

စာမျက်နှာ ၁၀ သို့ *



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ပဠမအကြိမ် အမျိုးသားအားကစားပွဲတော်
## ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ
## ၁၅-၁၂-၂၀၂၄ ရက်နေ့အထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကာကွယ်ရေး | ၉ | ၅ | ၇ | ၂၁ | |
| ၂ | အားကစား/လူငယ် | ၈ | ၆ | ၄ | ၁၈ | |
| ၃ | ပြည်ထဲရေး | ၇ | ၈ | ၇ | ၂၂ | |
| ၄ | ဆောက်လုပ်ရေး | ၅ | ၆ | ၆ | ၁၇ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စိုက်မွေး/ဆည် | ၁ | ၁ | ၂ | ၄ | |
| ၈ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| စုစုပေါင်း | | ၃၃ | ၃၃ | ၃၃ | ၉၉ | |

* စာမျက်နှာ ၉ မှ

နှစ်ပွဲ-တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ အမျိုးသား အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲပထမအကျော့ပွဲစဉ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/ စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော်ကို သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်မှ ဖိုးအိက ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

စနူကာ 15 Red တစ်ဦးချင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ကချင်ပြည်နယ်မှ သက်ပိုင်ထက်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သော်တာမင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က မွန်ပြည်နယ်မှ မင်းသန့်ကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးက ရန်ကုန်တိုင်းဒေသကြီးမှ အောင်ညီညီမောင်ကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးက မန္တလေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ကယားပြည်နယ်မှ အောင်မျိုးထွန်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းချန်ထက်က ရှမ်းပြည်နယ်မှ ရဲလင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မင်းသျှင်ထွန်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက မန္တလေးတိုင်းဒေသကြီးမှ အေးမင်းကို သုံးပွဲ- နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းကို သုံးပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးက ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနူကို သုံးပွဲ- နှစ်ပွဲ၊ မကွေးတိုင်းဒေသကြီးမှလင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟာစိုးကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရှမ်းပြည်နယ်မှ ကမ္ဘာလင်းကို ခုနစ်ပွဲ-ခြောက်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က ကချင်ပြည်နယ်မှ အောင်ကျော်မိုးကို ခုနစ်ပွဲ-ငါးပွဲဖြင့်လည်းကောင်း၊ စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ- တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခုနစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ခုနစ်ပွဲ-ခြောက်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဖင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ အမျိုးသား ၇၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထိကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက်ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင် တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-နှစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး -တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား ၇၃ ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ဝေယံဖြိုးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းညီညီက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ထွန်းလွင်ငြိမ်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ထက်ညီညီနိုင်က ပထမ၊ ရခိုင်ပြည်နယ်မှ ဆန်းထက်အောင်က ဒုတိယ၊ မွန်ပြည်နယ်မှ ထွန်းထွန်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၅၅ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ခင်သီတာရွှေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်မွန်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ သက်မွန်မြင့်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

သတင်းစဉ်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




## 2024 Brisbane International Presented By Evie တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂၉ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၁၅**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Brisbane International Presented By Evie တင်းနစ်ပြိုင်ပွဲ လာမည့် ဒီဇင်ဘာ ၂၉ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Brisbane International Presented By Evie တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ရက်မှ ၂၀၂၅ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Brisbane International Presented By Evie တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Brisbane International Presented By Evie တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား Grigor Dimitrov နှင့် ရုရှားတင်းနစ်မယ် Elena Rybakina ဖြစ်သည်။ **(ယာပုံ) (NGB)**



## မီဂွယ်လ်ဂူတီယာရက်ဇ်အား ခေါ်ယူရန် မန်ချက်စတာ ယူနိုက်တက်အသင်း ကမ်းလှမ်း



**မန်ချက်စတာ ဒီဇင်ဘာ ၁၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဂျီရိုနာအသင်း နောက်ခံကစားသမား မီဂွယ်လ်ဂူတီယာရက်ဇ်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျီရိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်းကလည်း နောက်ခံကစားသမား မီဂွယ်လ်ဂူတီယာရက်ဇ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဝန်းကျင်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂျီရိုနာအသင်းထံမှ မီဂွယ်လ်ဂူတီယာရက်ဇ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ရှုဘင်ဘာရာဂျာ ဗလင်စီယာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**မက်ဒရစ် ဒီဇင်ဘာ ၁၅**

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ရှုဘင်ဘာရာဂျာအား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ဗလင်စီယာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ အမှတ်ပေးဇယား တန်းဆင်းဇုန်နေရာတွင် ရပ်တည်နေပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ရှုဘင်ဘာရာဂျာအား ရာထူးမှ ထုတ်ပယ်ပေးရန်လည်း အသင်းပရိသတ်များက တောင်းဆိုခဲ့ကြသည်။

နည်းပြ ရှုဘင်ဘာရာဂျာသည် ဗလင်စီယာအသင်းအား ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၅ပွဲတွင် ၂၆ပွဲနိုင်၊ ၁၈ပွဲသရေ၊ ၃၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြ ရှုဘင်ဘာရာဂျာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဗလင်စီယာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## တိုနာလီ နယူးကာဆယ်အသင်းတွင် ဆက်ရှိသွားမည်ဟု အေးဂျင့်ဖြစ်သူအတည်ပြု



**လန်ဒန် ဒီဇင်ဘာ ၁၅**


နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနာလီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာဆက်ရှိသွားမည်ဟု အေးဂျင့်ဖြစ်သူက အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် စီးရီးအေကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား တိုနာလီသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး ၁ဂိုး သွင်းယူထားသည်။

အေးဂျင့်ဖြစ်သူက "တိုနာလီ အသင်းမှာ ဆက်ရှိသွားမှာပါ။ စီးရီးအေ သွားမယ်ဆိုတဲ့ သတင်းတွေက ကောလာဟလတွေပါ။ သူကိုယ်တိုင်က နယူးကာဆယ်မှာပဲ ပျော်ရွှင်နေတာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဂျွန်စတုန်း မန်ချက်စတာစီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုးမည်



**မန်ချက်စတာ ဒီဇင်ဘာ ၁၅**

ဝါရင့် နောက်ခံကစားသမား ဂျွန်စတုန်းသည် မန်ချက်စတာစီးတီးအသင်းနှင့် စာချုပ် သက်တမ်းတိုးသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခဲ့သည်။

နောက်ခံကစားသမား ဂျွန်စတုန်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၈ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "ဂျွန်စတုန်းအား သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့ကိစ္စ အလျင်အမြန်ဆောင်ရွက်နေပါတယ်။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဆာလာ လီဗာပူးအသင်းကစားသမားဘဝ ဂိုးဖန်တီးမှု အကြိမ် ၁၀၀ ပြည့်မြောက်

**လီဗာပူး ဒီဇင်ဘာ ၁၅**

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာ အသင်းကစားသမားဘဝ ဂိုးဖန်တီးမှု အကြိမ် ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဖူလ်ဟမ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဂက်ပိုသွင်းယူသည့် သွင်းဂိုးအား ဂိုးဖန်တီးမှုပြုလုပ်ပေးခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။




ထို့ပြင် တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၂ ပွဲကစားပြီး ၂၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဂိုးဖန်တီးမှုတွေနဲ့အတူ အသင်းအတွက် အဖိုးတန်သွင်းဂိုးတွေ သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ကာဆာဒီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်းနှင့် မွန်ဇာအသင်းတို့ အပြိုင်စိတ်ဝင်စား

**တူရင် ဒီဇင်ဘာ ၁၅**

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် မွန်ဇာအသင်းတို့ သည် ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား ကာဆာဒီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆ပွဲသာ ပါဝင်ကစားထားရသေးသည်။

ကွင်းလယ်ကစားသမား ကာဆာဒီကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်နည်းပါးခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းနှင့် မွန်ဇာအသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ ကာဆာဒီအား မည်သည့်အသင်းက လက်ဦးမှု ရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၇-၁၂-၂၀၂၄ | (၈) ဘုန်းမောက် – ဝက်စ်ဟမ်း (၁၄) | ဘုန်းမောက်၁-၁ ဝက်စ်ဟမ်း | ဘုန်းမောက်(အိမ်) | ၇ | ၄ | ၁ | ၂ | ၁၀ | ၆ |
| နံနက် ၀၂း၁၀နာရီ | (L,L,W,W,W) (D,W,L,L,W) | ဝက်စ်ဟမ်း၁-၁ ဘုန်းမောက် | ဝက်စ်ဟမ်း(ဧည့်) | ၇ | ၂ | ၂ | ၃ | ၈ | ၁၂ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၇-၁၂-၂၀၂၄ | (၅) လာဇီယို – အင်တာမီလန် (၃) | လာဇီယို၀-၂ အင်တာမီလန် | လာဇီ(အိမ်) | ၇ | ၆ | ၁ | - | ၁၇ | ၆ |
| နံနက် ၀၂း၁၅နာရီ | (W,W,W,L,W) (W,W,D,W,W) | အင်တာမီလန်၁-၁ လာဇီယို | အင်တာ(ဧည့်) | ၆ | ၄ | ၂ | - | ၁၅ | ၅ |

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသိကြားပုန်းဘုရား အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနား တက်ရောက်



ညောင်ဦး ဒီဇင်ဘာ ၁၅

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားအမှတ်-၂၃၅ (သိကြားပုန်းဘုရား) ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက် ရပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုဏ္ဍဝံသအရှင်သူမြတ် အမှူးပြု၍ ပင့်သံဃာဆရာတော်ကြီး ကိုးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ မြစ်ကြည့်တိုက် ရပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ချီးမြှင့်သော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဘုရားကို ခေတ်အဆက်ဆက် ပြုပြင်လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် လှူဒါန်းမှုအစုစုတို့အတွက် မြစ်ကြည့်တိုက် ရပ်စုံကျောင်းတိုက် အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလအတွင်း လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် တောင်ဘီကျေးရွာအနောက်ဘက် နတ်ထောင့်ကျောင်းတိုက်အနီးရှိ ရှေးဟောင်းဘုရားအမှတ်-၁၉၈၃ (ဆုတောင်းပြည့်ဘုရား)၏ တိုက်မမြောက်ဘက်နံရံနှင့် တိုက်မအထက်ရှိ ကွမ်းတောင်နှင့် အထွတ်စေတီတို့ ထိခိုက်ပျက်စီးခဲ့ရာ ကနဦးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် သဲခဲများရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းခွင်ကို လည်းကောင်း၊ ရွာဟောင်းကြီးဘုရားအနီးရှိ ရွာဟောင်းကြီးရေကန်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရှေးမူမပျက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်စွမ်းသမျှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသသည် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများကို အစပျိုးဆောင်ရွက်ခဲ့သည့် ဒေသဖြစ်၍ ယခင်ထက်ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းဝတ်ဆင်ရေးကဏ္ဍနှင့် စားသုံးဆီဖူလုံစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများ၊ အဝတ်အထည်ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှု လုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်၍ ဈေးကွက်သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရမည့်အပြင် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှူးများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကျင်းပ

**အောင်လံ ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ သမဝါယမအသင်း စုလီမိတက် (၁ - ၁၀ -၂၀၂၀) မှ (၃၁ - ၃ - ၂၀၂၁) မီနီဘတ်ဂျက်နှင့်(၂၀၂၁-၂၀၂၂) (၂၀၂၂-၂၀၂၃)(၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်များအတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သဘာပတိ ဦးညွန့်မောင်(ဥက္ကဋ္ဌ)က တက်ရောက်လာသည့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအား အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်၊ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစံကျော်ဝင်း၊ အောင်လံမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အောင်လံမြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မြမြလွင်တို့ အမှာစကား အသီးသီး ပြောကြားခဲ့ကြသည်။



ထို့နောက် အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်ချက် အစီအရင်ခံစာ၊ အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ စာရင်းစစ်အစီအရင်ခံစာနှင့် (၂၀၂၃-၂၀၂၄) နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းတို့အား ဖတ်ကြားတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီအရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်း စာရင်းစစ်အစီအရင်ခံစာများအား အတည်ပြုပေးခဲ့ပြီး၊ သဘာပတိမှ တက်ရောက်လာသူများကို နိဂုံးချုပ်စကား ပြောကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ဖွင့်လှစ်သင်ကြား

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့်HCIS International School တို့ပူးပေါင်း၍ Charity Club မှကျောင်းသား၊ ကျောင်းသူများ၏ ညှိနှိုင်းမှုဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ အဆိုပါကျောင်းခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ နည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်းအကြောင်း အရေးပေါ်ထိခိုက်ဒဏ်ရာရရှိသူအား ပြုစုစောင့်ရှောက်ခြင်း အသက်ကယ်နည်းများ ပတ်တီးစည်းနည်းများအပါအဝင် အခြေခံရှေးဦးပြုစုနည်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဟိုင်ဒင်ဟိမ်း | ၁ | ၃ | စတုဂတ် |
| ဒေါ့မွန် | ၁ | ၁ | ဟော်ဖန်ဟိမ်း |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဘရိုက်တန် | ၁ | ၃ | ပဲလေ့စ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အက်သလက်တီကို | ၁ | ဝ | ဂီတာဖေး |
| အလာဗက်စ် | ၁ | ၁ | ဘီလ်ဘာအို |

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လက်ချီ | ၂ | ၁ | မွန်ဇာ |
| ဘိုလော့ညာ | ၁ | ဝ | ဖီအိုရင်တီးနား |
| ပါးမား | ၂ | ၃ | ဗီရိုနာ |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| မောင့်ပယ်လီယာ | ၂ | ၂ | နိစ် |
| ရင်းနက်စ် | ၂ | ဝ | အန်ဂါစ် |
| လီဟာဗာ | ဝ | ၃ | စထရာဘိုး |
| ဘရက် | ၄ | ၁ | နန့်တက်စ် |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဝက်စ်ဗို့ | ၂ | ၁ | ဝက်စ်ဘရွန်း |



## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပ ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၁၅**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေး နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိခိုသူ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် စစ်သည် မိသားစုဝင်များက သတ်မှတ်နေရာမှ စတင်၍ သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် စုရပ်နေရာ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)

## ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**စဥ့်ကိုင် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စွန်ရဲကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေအား ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ကုန်ထုတ်လမ်းကို ရေရှည်အသုံးပြုနိုင်အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

စဥ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ လမ်းအရှည် ၄ ဒသမ ၅၄ ဖာလုံအား လမ်းအကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားတင်ဂျင်းခင်းခြင်း ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၄ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးထံက သိရသည်။

(အောက်ပုံ)

(၄၄၅)





## စာဖတ်ရှိန်မြှင့်တင်ရေး လှုငယ်ရေးရာ အသိပညာပေး ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၁၃၈) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အောင်ချမ်းသာ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတပြည့်ဝစေရန်၊ စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာပေကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာအုပ်၊ စာပေများ ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း ဟောပြောခဲ့ပြီး ဉာဏ်စမ်းအမေး၊ အဖြေကဏ္ဍတွင် ဆုရရှိသော ကျောင်းသူ၊ ကျောင်းသားများကို ဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ အဆိုအမိန့်များ၊ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသ

**ပခုက္ကူ ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရေးရည်ရွယ်၍ ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ကို



ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၊ အသိပညာပေးနံရံကပ်ပြဘုတ်၌ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းအရင်းများ၊ လူကုန်ကူးမှု အမျိုးအစားများနှင့် လူကုန်ကူးမှုနည်းလမ်းများ၊ လူကုန်ကူးခံရသူများ တွေ့ကြုံရသည့် နောက်ဆက်တွဲဆိုးကျိုး ပြဿနာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းလမ်းများ၊ ရေချွေတာသုံးစွဲရေးနည်းလမ်းများ၊ ရေအမျိုးအစားအလိုက် အသုံးဝင်ပုံနှင့် တန်ဖိုးရှိပုံအကြောင်းအရာများပါဝင်သည့် စာသား၊ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရုပ်ပြများကို စနစ်တကျပြသရာ ပြည်သူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာဗဟုသုတတိုးပွားစေရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ နေ့ထူးနေ့မြတ်ဆိုင်ရာအကြောင်းအရာများ၊ နိုင်ငံတော်အစိုး၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို လစဉ်ပုံမှန်ပြောင်းလဲပြသပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(၃၄၀)

## အိန္ဒိယနိုင်ငံအကြောင်းသိကောင်းစရာ ရှင်းလင်းဆွေးနွေး ဉာဏ်စမ်းဖြေဆိုနိုင်သူများအား ဆုချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေး၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံခန်းမတွင် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန် Mr.Umakant Sharma နှင့် အဖွဲ့ဝင်များ လာရောက်၍ သင်တန်းသား၊ သင်တန်းသူများနှင့် ဝန်ထမ်းများအား အိန္ဒိယနိုင်ငံအကြောင်း သိကောင်းစရာများအား Quiz ဉာဏ်စမ်းအနေဖြင့် အမေးအဖြေမေးခွန်း ၃၀ အား ဖြေဆို၍ အမှတ်အများဆုံးရသူများအား ဆုချီးမြှင့်ခြင်း၊ ဆုရသူများအား ရွေးချယ်၍ အိန္ဒိယနိုင်ငံသို့ လေ့လာရေးပို့ဆောင်ပေးသွားမည် ဖြစ်သည်။

ထို့နောက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်နှင့် အဖွဲ့သည် ဉာဏ်စမ်းဖြေဆိုကြသော သင်တန်းသား၊ သင်တန်းသူများ ဝန်ထမ်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



ဝတ္ထုတိုကဏ္ဍ

# ဈေးကလေးကို ကျေးဇူးတင်

နိုင်နိုင်မြသီရိ(မန္တလေး)



ကျွန်မရဲ့ဘဝမှာ ဈေးတစ်ဈေးဟာ ကျွန်မရဲ့ စိတ်အာရုံကို ဒီလောက်တောင် ဖမ်းစားလွှမ်းမိုးနိုင်လိမ့်မယ်ဆိုတာ တွေးတောင်မတွေးမိပါဘူး။ ဒါကတော့ အချိန်နှင့်အမျှ ပြောင်းလဲနေတဲ့ အခြေအနေအရပေါ့လေ။ မိန်းမတွေအတွက် ဈေးဝယ်တယ်ဆိုတာ ဘယ်တော့မှ မငြီးငွေ့နိုင်တဲ့ ခလေ့ပဲ။ ကျွန်မဆိုတာကလည်း အိမ်ထောင်ရှင်မ သာပီပီပြင်ပြင် မဟုတ်တယ် 'အစ်မကြီးအမိရာ' ဆိုသလို မိသားစုရဲ့ မီးဖိုချောင်ကို ပဲ့ကိုင်နေရသူပါ။

'ဥစ္စာဖြို စားဖိုက' ဆိုရိုးလေးဟာ အမှန်တရားဆိုတာ မီးဖိုချောင်ကို ထိန်းရင်းနဲ့မှ တဖြည်းဖြည်းသိလာရတယ်။ ခရမ်းချဉ်သီးလေးတစ်လုံး၊ ကြက်သွန်နီလေး တစ်လုံးကအစ 'ကိုယ့်မှာမရှိတော့ ရှားတယ်' ဆိုတာ လက်ခံရတယ်။ ကျွန်မက မန္တလေးသူ မဟုတ်ပေမယ့် မန္တလေးအနား ခရိုင်မြို့ တစ်မြို့ရဲ့ ရွာကြီးတစ်ရွာကနေ အင်မတန်မှ သာယာလှပတဲ့ ပြည်ကြီးတံခွန်မြို့နယ်ထဲမှာရှိတဲ့ စက်ရုံတစ်ရုံမှာ အလုပ်သမားအဖြစ် လာလုပ်နေရသူပါ။ စက်ရုံက အဆောင်မှာ အဆောင်လခပေးပြီး တစ်ရွာတည်းသူတွေဖြစ်တဲ့ မြင့်မြင့်ချို၊ သွယ်သွယ်ဝင်း၊ သန်းသန်းထိုက် တို့နဲ့ တစ်အိုးတည်းချက်စားရပါတယ်။ ကျွန်မက ထမင်းချက်လက်ရာ မကောင်းလှပါ။ ကျန်တဲ့ ညီမတွေကတော့ ရှိတာလေးနဲ့ ဖွယ်ဖွယ်ရာရာလေး ချက်တတ်သူတွေဆိုတော့ ကျွန်မတို့အုပ်စုမှာ 'မြိန်ရာဟင်းကောင်း' ခဲ့ရပါရဲ့။ ကျွန်မကတော့ ဈေးဝယ်တဲ့တာဝန်ကိုပဲ ယူခဲ့ပါတယ်။ တစ်ခါတစ်ရံ ဟင်းချက်ရင်း နံနံပင်လေးတစ်ခက်၊ ငရုတ်သီးစိမ်းလေး တစ်တောင့်လောက်လိုနေရင်တော့ အခန်းနားနီးချင်းတွေနဲ့ မျှဝေစားရတယ်။ ရတဲ့လစာလေးကို အဆောင်လခနှုတ်၊ ရွာမှာ ကျန်ခဲ့တဲ့ မိအို၊ ဖအိုတွေအတွက် ထောက်ပံ့ငွေလေးဖယ်လိုက်ရင် ကျန်တဲ့ငွေနဲ့ ဝမ်းဝခါးလှအောင်ကတော့ ကျွန်မတို့မှာ ဦးနှောက်ကို ကောင်းကောင်းအသုံးချရတာပေါ့။ လစာထုတ်တဲ့နေ့ဆိုရင် လစာကို ဝိုင်းလည်မှာချပြီး အလုပ်သမလေးတွေ စီမံခန့်ခွဲနေကြတာ ကမ္ဘာကျော် စီးပွားရေးပညာရှင်ကြီးတွေ ရှုံးလောက်ပါရဲ့။ ပေးရန်တွေများတဲ့လဆိုရင် အဲဒီလမှာ အူစိုဖို့ မလွယ်ပါဘူး။ သို့ပေမယ့်လည်း 'လူကြံ့ရင် ပန်းကန်တောင် ဖွန်းဖြစ်' မဟုတ်လား။ ဟိုလွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်မတို့ စက်ရုံရှိတဲ့ စက်မှုပန်းခြံလမ်းမှာ ပုံကျဈေးလေး တစ်ဈေး ရှိခဲ့ဖူးတယ်။ ကြိမ်စက်ရုံတစ်ခုရဲ့ အမည်ကို အစွဲပြုထားတဲ့ ညနေဈေးလေးပါ။ စည်ကားလိုက်တာဆိုတာ စက်မှုပန်းခြံလမ်းဟာ ပိတ်သွားလုမတတ်ပဲ။ လမ်းဟိုဘက်ဒီဘက် နေရာကွက်လပ်တွေမှာ ခေါင်းရွက်၊ ဗျပ်ထိုး၊ မြေကြီးပေါ်ခင်း၊ ဆိုင်ကယ်ပေါ်တင်၊ ထော်လာဂျီနဲ့ လိုက်ထရပ်ကား ဖင်ထိုးပြီး ရောင်းနေတဲ့ ဈေးသည်တွေဆိုတာလေ ကြက်ပျံမကျဘဲ ဈေးသည်အများစုက ရွာတွေဘက် စိုက်ခင်းတွေက လာရောင်းကြတဲ့ပင်သည်တွေပါ။ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ မီးဖိုချောင်သုံးပစ္စည်း၊ ငါးပိ၊ ငါးခြောက် အိမ်မှာ သုံးတဲ့အပ်ကစလို့ ဆောင်၊ ခြင်ထောင်၊ ဖျာလိပ်ထိ။ အဝတ်အစားဆိုတာ ကျားဝတ်၊ မဝတ်၊ ကလေးဝတ်၊ အတွင်းခံ၊ အပြင်ဝတ်အမျိုးမျိုး ဘီး၊ ဆံညှပ်ကနေ ဖိနပ်ထိ။ ဖုန်းဆင်းကတ် မှတ်ပုံတင်ပြီး ဖုန်းဟန်းဆက်ပါ ရနိုင်တယ်။ ဒီကြားထဲမှာ တံမြက်စည်း၊ ကြိမ်ခြင်းတောင်းနဲ့ ရေစစ်သည်ကပါသေး။ ပန်းသည်တွေဘက်မှာလည်း မွှေးပျံ့နေတဲ့ ပန်းနံ့တွေသင်းလို့။

ကျွန်မတို့ရဲ့ စက်ရုံက ငါးနာရီဆိုရင် အလုပ်ဆင်းပြီ။ အလုပ်သမလေးတွေဟာ ပုံကျဈေးမှာ လက်လီတိုတိုထွာထွာလေးတွေ ဝယ်လိုက်ကြတာဟာဖြင့် ဈေးကလည်းသက်သာ လိုချင်သလောက်ကလေးတွေကလည်းရဆိုတော့ ကျွန်မတို့ရဲ့ ဈေးကလေးကို မြို့ထဲက စူပါမားကတ်ကြီးတွေနဲ့ မလဲနိုင်အောင်ပါပဲ။ စက်မှုပန်းခြံလမ်းမှာ စက်ရုံတွေကလည်း ခပ်များများ၊ ဈေးထဲမှာ ဖြူနီညိုပြာ ပန်းပွင့်လေးတွေ ရောင်စုံပွင့်နေသလား ထင်ရလောက်ရဲ့။ အလုပ်သမလေးတွေ အများစုက ဈေးဝယ်ကြ၊ အချို့မဝယ်ပေမယ့် အဖော်အဖြစ်လိုက်ကြ၊ ဈေးမေးကြ၊ ဈေးဆစ်ကြနဲ့ ကျွန်မဆိုတာ ဈေးလေးကို မရောက်တဲ့နေ့ရယ်လို့ မရှိသလောက်ဘဲ။ ဈေးကို တစ်ရက်မသွားရင်တောင် ခေတ်မမီသလို ခံစားရတယ်။ မိန်းကလေးတွေဖြစ်တဲ့အတွက် အဝတ်အစား အဆင်ဆန်းလေးတွေကိုလည်း အခုမဝယ်နိုင်သေးလည်း တစ်ရက်ရက်မှာတော့ ဝယ်ဦးမယ်လို့ စိတ်ကူးထဲမှာ ပုံဖော်နိုင်ကြသေးတယ်လေ။ အဲဒီဈေးလေးက အထူးသဖြင့် အသားငါးတွေကို လိုသလောက်သာ ရောင်းပေးခဲ့လို့ ကျွန်မတို့အလုပ်သမားလေးတွေ အူစိုခဲ့ရပါသည်။

ဒါပေမယ့် ကားလမ်းနံဘေးမှာ အင်မတန်စည်ကားနေတော့ ယာဉ်တိုက်မှုကအစ မကြာခဏဖြစ်နေလေတော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ စီမံမှုနဲ့ ကြိမ်စက်ရုံဈေးလေးကို ၆၂လမ်း၊ ရေမြောင်းကြီးနားကိုရွှေ့ပြီး 'အောင်တံခွန်' ဈေးအဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ ဈေးဆိုင်ခုံတွေနဲ့ ကျယ်ပြန့်သပ်ရပ်သန့်ရှင်းနေတဲ့ ဈေးကြီးဟာ မြင်တာနဲ့တင် မြို့ကြီးရဲ့ အဆင့်အတန်းနဲ့ ကိုက်ညီပါရဲ့။ ညနေဈေးပါပဲ။

ကျွန်မဝယ်နေကျ ဈေးသည်လေးတွေကို ဝယ်ရင်းနဲ့ စပ်စုကြည့်ပါတယ်။ 'ဆိုင်ခန်းတွေက ဝယ်ရတာလား၊ ငွေဘယ်လောက်သွင်းရသလဲ'။ 'မဝယ်ရပါဘူး၊ အရင်ဈေးဟောင်းက ဈေးသည်တွေကို ဦးစားပေး မဲနှိုက်ပြီး ချထားခဲ့တာပါ။ နေ့စဉ် ဈေးကောက်ပေးရတာပေါ့။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လူတိုင်းဈေးရောင်းနိုင်အောင် စီစဉ်ပေးတာလေ'။ ကျွန်မ အတော်သဘောကျသွားပါတယ်။

'အစ်မ ဈေးရောင်းချင်လို့လား၊ ကျွန်မတို့နဲ့ လာရောင်းပါလား'။

'သြော် ….စက်ရုံမှာသာ မလုပ်ဖြစ်ရင် ဈေးရောင်းတာပေါ့ရှင့်'

ကျွန်မတို့မျိုးရိုးကလည်း ဈေးသည်မျိုးရိုးပါပဲ။ ငယ်စဉ်က ကြီးတော်ကြီး လုံချည်စကိုဆွဲပြီး ရွာစဉ်လိုက် ဈေးရောင်းခဲ့တာတွေကို ပြန်အောက်မေ့မိပါရဲ့။

'ဈေးရောင်းတတ်၊ ပါးစပ်စို'

'မလှူနိုင်ဈေးရောင်း' လို့ ဆိုထားတယ် မဟုတ်လား။

အောင်တံခွန်ဈေးသစ်လေးဆီကို ကျွန်မတို့ သွားမြဲပါပဲ။ ဒါပေမယ့် အနည်းငယ်လှမ်းသွားတော့ နေ့စဉ်မသွားနိုင်တော့ပါဘူး။ သွားတဲ့သူကိုသာ စုပြုမှာကြတော့တယ်။ အရင်ကလောက်တော့ အဆင်မပြေတော့ပါဘူး။ စက်ရုံအားလပ်ရက်တွေမှာ ဈေးကြီးတွေဘက်ကို ရောက်ပါရဲ့။ ဒါပေမယ့် ကျွန်မတို့ လက်လီဝယ်နေကြသူတွေဖြစ်တဲ့အတွက် ကိန်းခန်းကြီးတဲ့ ဈေးတွေမှာ ဝယ်လို့မကောင်းတော့ပါဘူး။

ဈေးကြီးက ဈေးဝယ်ပြန်လာတဲ့ တစ်ရက်မှာ ညီမလေး သွယ်သွယ်ဝင်းက 'စိတ်နှလုံးညှိုးငယ်ရပါသည်။ စိတ်နှလုံးညှိုးငယ်ရပါသည်' လို့ ထပ်တလဲလဲ အော်နေပါတယ်။

'ဘာတွေဖြစ်နေတာလဲ ညီမလေးရဲ့'

'ကိုယ့်အိတ်ထဲက ပိုက်ဆံနဲ့ ဈေးကြီးထဲက ပစ္စည်းတွေနဲ့ သဟဇာတ မဖြစ်ကြောင်းကို ပြောနေတာပါ မမခိုင်ရေ' လို့ ပြောပါတယ်။

ဘဝအမောတွေကို ဟာသနှောပစ်တတ်တဲ့ ညီမလေးတွေကို ကျွန်မမှာ သနားစိတ်နဲ့ ရယ်ချင်နေမိတယ်။ ဒီလို မပြေလည်မှုတွေဖြစ်နေတဲ့အချိန်မှာ ဒီ'ဈေးကလေး'လေးကို ကျွန်မတွေ့ခဲ့တာပါ။

တစ်ရက်သားမှာပေါ့ ဇော်ဂျီလမ်းပေါ်မှာရှိတဲ့ ဘုန်းကြီးကျောင်းအလှူပွဲကို ကျွန်မရောက်သွားတော့ ဘုန်းကြီးကျောင်းရဲ့ဘေးမှာ ဆူဆူညံညံ၊ အုတ်အုတ်ကျက်ကျက်နဲ့ စည်ကားနေတဲ့ ဒီဈေးလေးကို တွေ့ခဲ့တာပါ။

ဈေးသည်လေးတွေကလည်း ခေါင်းရွက်ဗျပ်ထိုးလေးတွေပါပဲ။ ကျွန်မမှာ အောင်တံခွန်ဈေးလို 'မိတ်ဆွေဟောင်း' ကို ပြန်တွေ့ရသလို ခံစားမိတယ်။ အခုဈေးကလည်း ပုံကျဈေးပါပဲ။ မြေကွက်လပ်ကျယ်လေးထဲမှာ ပုံစံအမျိုးမျိုးနဲ့ ဈေးခင်းနေတဲ့ ဈေးသည်လေးတွေ 'နေလာရင် နှင်းပျောက်' ဆိုသလို ဆွမ်းခံဝင်ချိန်မှာတော့ ဈေးကွဲပါပြီ။

'နေပါဦး အရင်က ဒီနားမှာ ဈေးမရှိပါဘူး'

'ဟုတ်တယ်အစ်မရေ၊ အရင်က ကျူးကျော်ရပ်ကွက်ကို ဖျက်လိုက်တော့ ပေါ်လာတဲ့မြေကွက်တွေပေါ်မှာ ဈေးခင်းလိုက်ကြရင်း ဈေးဖြစ်သွားတာပါ'။ ကြက်ဥသည်လေးက ရှင်းပြပါတယ်။ ကျွန်မကတော့ 'ဈေးကလေး' လို့ပဲ လွယ်လွယ်ခေါ်လိုက်ပါတယ်။ စက်ရုံပိတ်တဲ့တစ်ရက်မှာ အေးအေးဆေးဆေးဈေးလာဝယ်ပါတယ်။ နံနက်ဈေးလေးမို့ ဝီရိယတော့ ထားရတာပေါ့။ ဈေးသည်အများစုက ရောင်းကုန်ချင်တော့ ဈေးမဆစ်ခင်က လျှော့ပေးနေလို့ 'ဟန်မဆောင်ဈေး' လေးကို ကျွန်မ တွယ်တာမိပါပြီ။

လမ်းဘေးအုတ်ခုံလေးဘေးမှာ ကပ်ရောင်းတဲ့ လက်ဖက်ရည်တစ်ခွက်နဲ့ ပလာတာတစ်ချပ်ဟာ မယုံနိုင်လောက်အောင် ဈေးသက်သာနေတယ်။ မုန့်ပျားသလက်တစ်ခုကို နှစ်ရာတဲ့ ကျွန်မ တစ်ထောင်ဖိုးဝယ်တော့ ခြောက်ခုရတယ်။ မုန့်ပျားသလက်သည်ကြီးက မုန့်အိုးကထွက်လာတဲ့ မီးခိုးကို ရှောင်ရင်း မီးမှုတ်ရင်းက

'ကလေးများတယ်ဆိုရင် မုန့်ပျားသလက်က မှ ကိုက်တာအေ့' လို့ ပြောတော့ ကျွန်မမှာ ရယ်ချင်လိုက်တာ။ ကျွန်မတို့က အပျိုကြီးတွေချည်း စုနေကြတာကိုး။ ထော်လာဂျီဖင်ထိုးပြီးရောင်းတဲ့ ကြက်သွန်သည်ကောင်လေးက ကြက်သွန် ကူရွေးပေးရင်းနဲ့

'ဟိုရွှေလက်ကောက်တွေနဲ့ အန်တီကြီးက ဒီလောက်တောင်ချမ်းသာနေတာ လောဘကလည်း ကြီးလိုက်တာဗျာ။ ဈေးကိုလည်း မတရားသဖြင့် နှိမ်ပြီး အဆစ်တွေလည်း ကျုံးထည့်သွားလိုက်တာ'

'ဟဲ့ လောဘကြီးတယ်ဆိုတာ ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူး၊ ဗီဇ ဟဲ့' လို့ ကျွန်မ ပြောမိတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# လူထုအခြေပြုဗဟိုဌာနတွင် ဖန်စီထိုးနည်းသင်တန်း ဖွင့်လှစ်သင်ကြား



**မြစ်သား ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်းပြီး ဖန်စီထိုးနည်း(အခမဲ့)သင်တန်းကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မြစ်သားမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေရည်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းနည်းပြများဖြစ်သော အခြေခံပညာဦးစီးဌာန ညောင်ဝန်း(အ-မ-က)ကျောင်းမှ ဆရာမ ဒေါ်ဖြိုးသီရိလှိုင်၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒေါ်ပပနှင့် (Youth Club)အဖွဲ့ဝင် မောင်ဖွဲ့ညီညီတို့က ဘောလုံးသော့ချိတ်ထိုးနည်း၊ ဖန်စီထိုးနည်းအမျိုးမျိုးနှင့် ပိုက်ဆံအိတ်ထိုးနည်းများကို စာတွေ့၊ လက်တွေ့ ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ သင်တန်းကာလ ၂ ရက်ကြာ နေ့လယ် ၁နာရီခွဲမှ ညနေ ၄နာရီအထိ သင်တန်းနည်းပြဆရာများမှ မြစ်သားမြို့ပေါ် (၆)ရပ်ကွက်မှ သင်တန်းသား ၁၈ ဦးအား ဖန်စီထိုးနည်းအမျိုးမျိုးကို သင်တန်းသားတစ်ဦးချင်းစီကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သင်တန်းနည်းပြဆရာမ ဒေါ်ဖြိုးသီရိလှိုင်ထံက သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(ပြန်/ဆက်)

* - * - * - * - *

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၅**

လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)တို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)မှ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာကြူကြူဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်ရေးရာဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း ခရိုင်အဆင့်ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက "ကိုယ့်အလုပ်ကိုယ်လုပ်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်လူငယ်များ"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၁၅**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နယ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ မောင်လေပြေ(တောင်တွင်း)က "အနာဂတ်လှဖို့ စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းစုယဉ်က လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ စုံလင် ဧရာဝတီ

## အရွယ်သုံးပါး အားကစား

* ရောင်နီလာပြီ မိုးသောက်ဆီ
ကျန်းမာရေးအတွက် လမ်းလျှောက်မည်။
ဘယ်ညာလက်လွဲ ခြေလှမ်းကျဲ
ဦးခေါင်းမော့ကာ ခါးဆန့်အမြဲ။

* လတ်ဆတ်သောလေ ရှုရှိုက်ပါ
အဆုတ်ထဲထိ ရောက်စေရာ။
ဖြည်းဖြည်းသက်သာ ပြန်ထုတ်ရင်း
ခန္ဓာကိုယ်တွင်း သန့်သန့်ရှင်း။

* လမ်းလျှောက်ပြီးတော့ ပြန်လာရာ
လေ့ကျင့်ခန်းလေး လုပ်ပေးပါ။
အညောင်းအညာ ပြေစေရေး
တစ် နှစ် သုံး လေး ရေတွက်ပေး။

* နံနက်နေ့စဉ် လမ်းလျှောက်ပါ
လုပ်ငန်းခွင်မှာ လန်းဆန်းမှာ
နိုးကြားတက်ကြွ ကြည်လင်မလွဲ
အောင်မြင်မှုကို ရယူမြဲ။

* စောစောအိပ်လို့ စောစောထ
လမ်းလျှောက်ကြပါဗျာ့။
အသက်ရှည် ကျန်းမာအလေးထား
လမ်းလျှောက်ခြင်းသည် ဆေးတစ်ပါး
အရွယ်သုံးပါး အားကစား။ ။

**ထိန်ထိန်လင်း**



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စာပတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ပူးပေါင်းပြီး စာရေးဆရာ ဒေါက်တာခင်မောင်ညို၏ 'လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း' စာအုပ်ကို လေ့လာဖတ်ရှု၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငါန်းဇွန်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက အသိအမြင်ဗဟုသုတ တိုးပွားစေခြင်း၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာပြီး တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူအဆများကို ဖလှယ်နိုင်နှောနိုင်စေခြင်း စသည့် စာဖတ်ဝိုင်းဆွေးနွေးပွဲမှရရှိသည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မိဘမဲ့ကလေးငယ်များ အဆင်ပြေစေရေး စုပေါင်းလှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု နားခံကမ္မဌာန်းကျောင်းရှိ မိဘမဲ့ကလေးငယ်များ အဆင်ပြေစေရေး နားခံကျေးရွာအုပ်စုမှ စုပေါင်းလှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြသည်။ သွားရောက်လှူဒါန်းရာတွင် နားခံရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်၊ ကျေးစာရေးနှင့် ရပ်မိ၊ ရပ်ဖများ စုပေါင်းကာ သွားရောက်၍ ဒီဇယ် ၂ ဒသမ ၆ ဂါလန်၊ ဂေါ်ပြား၊ တံမြက်စည်း(ချော၊ ကြမ်း)၊ အမှိုက်အိတ်(ကြွပ်ကြွပ်အိတ်)၊ စားဆီ(ပုစွန်ဆီပုံး)၊ အိုင်အိုဒင်းဆား(အိတ်ကြီး)၊ ဟင်းချိုမှုန့်၊ အာလူး၊ ပဲကြာဆံ(ပိသာထုတ်)၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ကုလားပဲ၊ ကြက်ဥ၊ ခနောက်ကြက်သားမှုန့်(ကြီး)၊ ငါးခြောက်၊ ပဲပုပ်နှင့် မိုးနဲဈေးအတွင်းရှိ ဈေးသည် တစ်ဦးမှ ပလာတူးငါးခြောက်များ စုစုပေါင်းငွေကျပ် ကိုးသိန်းခြောက်သောင်းနှစ်ထောင်တိတိကို ဝယ်ယူလှူဒါန်းခဲ့ကြရာ ကမ္မဌာန်းကျောင်းတာဝန်ရှိသူက လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မွေးနေ့အထိမ်းအမှတ် အလှူငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၅**

ဇီဝိဒါနသံဃာ့ဆေးရုံကြီး၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်သို့ ဒီဇင်ဘာ ၁၀ ရက်တွင် အလှူရှင် မန္တလေးမြို့နေ ကိုထက်ဝေယံ+မမေဗွာမျိုးမင်း (သမီး)ဂုဏ်ရည်ဖူးဟန် ရက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူ ငွေကျပ် ၄၇၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏာနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

# ရန်ကင်းတောင် ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၅**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဦးစီးတည်ထောင်သော သဒ္ဓမ္မမာမကအသင်းကြီး၏ (၂၄)ကြိမ်မြောက် သဒ္ဓမ္မမာမက စာမေးပွဲကို အသင်းတည်ရှိရာ ရန်ကင်းတောင်ခြေရှိ သဒ္ဓမ္မမာမကဇေရက် ဗိမာန်တော်ကြီးတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၅ရက်အထိ ကျင်းပသည်။

အဆိုပါ သဒ္ဓမ္မမာမကစာမေးပွဲကို ဓမ္မာစရိယတန်း(ပ/ဒု/တ)၊ အဆင့်မြင့်စာသင်တန်း၊ အခြေခံစာချသင်တန်း၊ အခြေခံစာသင်တန်းဟူ၍ အဆင့်အလိုက် ဘာသာရပ်များကို ဖြေဆိုတော်မူပြီး ဖြေဆိုသော အတန်းအလိုက် စာအောင်လက်မှတ်နှင့် ထူးချွန်စွာဖြေဆိုအောင်မြင်သော ရဟန်း၊ သာမဏေ၊ သီလရှင်များကို အဘိဝံသဘွဲ့၊အဘိဝံသဝဋံသကာဘွဲ့၊ အာဒိကမ္မိက အဘိဝံသဘွဲ့၊ ဝိသိဋ္ဌာလင်္ကာရဘွဲ့၊ အဘိဝံသီဘွဲ့၊ အာဒိကမ္မိက အဘိဝံသီဘွဲ့များကို ဆက်ကပ်တော်မူသည်။

ယခုနှစ်ကျင်းပသော (၂၄) ကြိမ်မြောက် သဒ္ဓမ္မမာမက စာမေးပွဲတွင် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းတိုက်များမှ စာသင်စာချရဟန်း၊သာမဏေ ၁၃၂ ပါး ဖြေဆိုတော်မူကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်မှ စာချ၊ နည်းပြ၊ ကထိက၊ ပါမောက္ခဆရာတော်များနှင့် မြို့နယ်သံဃမဟာနာယက အဖွဲ့ဆရာတော်များ၊ သဒ္ဓမ္မမာမက စာမေးပွဲ ရွေးချယ်စိစစ်ရေးအကျိုးတော်ဆောင် ဆရာတော်များ၊ လူပုဂ္ဂိုလ်များက ကြီးကြပ်စစ်ဆေးတော်မူကြသည်။ ၆ ရက်တိုင်တိုင် ကျင်းပသော သဒ္ဓမ္မမာမက စာမေးပွဲသို့ ဖြေဆိုတော်မူသော ရဟန်း၊ သာမဏေများအား စေတနာရှင် ကုသိုလ်ရှင်များနှင့် အသင်းအကျိုးဆောင်အဖွဲ့တို့က နေ့ဆွမ်းနှင့် အအေးတို့အား ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝ၉၉)

* - * - * - * - *



# ဝန်ထမ်းမိသားစုများစုပေါင်း၍ အပတ်စဉ် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ကွယ်လွန်သူ ဦးကျော်ဆန်းနိုင်အား ရည်စူး၍ အလှူရှင် ဒေါ်ယမင်းသူ မိသားစုတို့က ယနေ့ နံနက်ပိုင်းက (၁၀၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီ ခွဲမှစတင် လောင်းလှူကြည်ညိုခဲ့ကြသည်။

အဆိုပါ ဝန်ထမ်းမိသားစုများက အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန်ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

# ပရဟိတဆေးခန်းတွင် အသုံးပြုနိုင်ရန် ဆေးအလှူနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဝါခင်းကုန်းဣစ္ဆာသယပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တ ကုမုဒ ဆရာတော်ကြီးဦးစီးတည်ထောင်တော်မူသည့် နှလုံးလှမေတ္တာ လူမှုကူညီသူများအသင်း၏ ပရဟိတဆေးခန်းတွင် အသုံးပြုနိုင်ရန် ဆေးအလှူတော်နှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့အတွက် ရေစက်ချအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်အတွင်းရှိအသင်းရုံး၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီးနောက် ဦးစီးပဓာနနာယက ဆရာတော်ကြီးထံမှ အလှူရှင်မိသားစုများ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်မောင်မယ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ကွယ်လွန်သူမိဘများနှင့် ကျောင်းဒါယကာကြီး ဦးစိုးတင့်တို့အားရည်စူး၍ အလှူရှင် မဟာအောင်မြေမြို့နယ် ၈၃လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားနေ ကျောင်းဒါယိကာမကြီး ဒေါ်ခင်မာနှင့် သား၊ သမီး၊ မြေးတစ်စုတို့က ဒေါ်ခင်မာ၏ (၇၉)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် နှလုံးလှမေတ္တာ ပရဟိတဆေးခန်းအတွက် ဆေးမျိုးစုံကိုလည်းကောင်း၊ အလှူရှင် ဦးရဲမင်းသိန်း(ဆောက်လုပ်ရေးအင်ဂျင်နီယာ)+ဒေါ်ရွှေဇင်(သမီး) မကြယ်ဇင်၊ မနန်းထက်မိသားစုက အလှူငွေကျပ် သုံးသိန်းတိတိကိုလည်းကောင်း လှူဒါန်းကြရာ ဆရာတော်ကြီးက လှူဒါန်းမှုအတွက် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား အလှူရှင်မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် ကြွရောက်လာသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၁)



# အမည်ကိုဆန် နေရပ်ပြန်တော့ နဘဲမိုးလုံး ခြိမ့်လို့ကျော်(၃)

လွန်ခဲ့သော တန်ဆောင်မုန်းလပြည့်နေက ဖြစ်၏။ အဘိုးတို့ စကားဝိုင်းဖွဲ့ရာ သုဓမ္မာဇရပ်ထဲသို့ ရောက်ခဲ့၏။ အဘိုးတို့အပြင် အခြားလူငယ်တို့လည်း ရောက်နေကြ၏။ ရာသီပြောင်းနေပြီဖြစ်သောကြောင့် အဘိုးတို့၏ဝတ်စားဆင်ယင်မှုတို့ကလည်း ပြောင်းလဲနေကြပြီဖြစ်ကြ၏။ နွေးနွေးထွေးထွေးအဝတ်အထည်များ ဝတ်ဆင်ထားကြ၏။

‘ကိုကြီးဖိုးမှိုင်းရေ။ အမည်ကိုတော့ ဆန်ပြီးပြီလို့ ပြောကြစို့ရဲ့ ဒီနေ့တော့ နေရပ်ကို ပြန်ရတော့မှာပဲ’။

‘နေရပ်ပြန်ချိန်ကလည်း အချိန်တန်ပြီမဟုတ်လား ကိုကြီးချမ်းအေးရဲ့ ဒီတော့ စာဖတ်သူတွေ၊ ပညာလိုချင်သူတွေအတွက် ရှင်းရှင်းလင်းလင်းနေရပ်ပြန်ပြမှ တော်မည်မဟုတ်လား’။

‘ဟုတ်တယ်လေ ကိုကြီးဖိုးမှိုင်းရဲ့။ ဒါကိုတော့ ကိုကြီးတောင်ကျော်က ရှင်းပြမှ လင်းသွားမှာပေါ့ဗျာ’။

‘ရှင်းဆိုလည်း ရှင်းရမှာပေါ့ ကိုကြီးချမ်းအေးရာ။ သက်မဲ့ဖြစ်တဲ့ နိုင်ငံတွေ၊ မြို့တွေ၊ ရွာတွေ၊ လုပ်ငန်းနာမည်တွေကို နာမည်ပေးမယ်ဆိုလျှင် အစဆုံး အက္ခရာရဲ့နောက်ကိုပြန်ပြီး နာမည်ပေးရမယ်။ ဥပမာပြောရရင် ပန်းဘဲမင်းကြီးဦးမှို နာမည်ပေးထားတဲ့ ‘မန္တလေး’ကို ပြောရမှာပဲပေါ့။ မန္တလေးရဲ့ မူလအက္ခရာက ‘မ’ပဲပေါ့၊ ‘မ’အက္ခရာရဲ့ နေရပ်ပြန်မယ်ဆိုလျှင် တနင်္ဂနွေနံ(၁)၊ ဗုဒ္ဓဟူးနံ(၄)၊ စနေနံ(၀)တို့ကို တွေ့ရမယ်’။

‘ဆက်ပါဦး ကိုကြီးတောင်ကျော်ရဲ့’။

‘‘မ’ကို မူတည်ပြီး တနင်္ဂနွေနံအဆုံးထားပြီး မှည့်လို့ရတယ်။ ဥပမာ ‘မာန်ဦး’လို့ မှည့်ရမှာပေါ့။ ပြီးတော့ ‘မ’ကို မူတည်ပြီး ဗုဒ္ဓဟူးနံ အဆုံးထားပြီး မှည့်လိုရတယ်။ ဥပမာ ‘မာန်လေး’လို့ မှည့်ရမှာပေါ့။ ပြီးတော့ ‘မ’ကို မူတည်ပြီး စနေနံ အဆုံးထားပြီး မှည့်လို့ရတယ်။ ဥပမာ ‘မာန်တ’လို့ မှည့်ရမှာပေါ့’။

‘ကိုကြီးတောင်ကျော် ပြောတာ သိပ်တော့မရှင်းသေးဘူး။ ဒါထက်ရှင်းအောင် ပြောစေချင်သေးတယ်’။

‘‘မ’ဆိုတာ ကြာသပတေးနံကို ပြောတာပဲ။ အဲဒီကြာသပတေးနံကို အစထားပြီး မြို့နာမည်ပေးမယ်ဆိုရင် နေရပ်ပြန်ဆိုတဲ့အတိုင်း တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံ၊ စနေနံတို့ကို အဆုံးထားပြီး မှည့်ရမယ်။ အလယ်ခေါင်ကတော့ ထည့်ချင်တဲ့ အက္ခရာတွေ ထည့်လို့ရတယ်။ ဒီမှာကတော့ ပန်းပဲမင်းကြီးက နေရပ်ပြန်ဖြစ်တဲ့ စနေနံကို အလယ်ထားပြီ ‘မန္တလေး’လို့ အမည်မှည့်ထားတာပေါ့။ ဒါဟာ ပန်းပဲမင်းကြီး ဦးမှိုရဲ့ ပညာစွမ်းပဲ မဟုတ်လား’။

‘ကိုင်း…ကိုကြီးတောင်ကျော်ရေ ပြောမယ့်ပြောလည်း ကျန်တဲ့နေ့တွေအတွက်လည်း ပြောပေတော့လေ’။

‘ဒါဆိုလည်း တနင်္ဂနွေနံကစပြီး ပြောမယ်ဗျာ။ တနင်္ဂနွေနံကို အစထားပြီး မြို့၊ ရွာနာမည်မှည့်တယ်ဆိုရင် နေရပ်ပြန်ဆိုတဲ့ စကားအရ အပြန်ဖြစ်တဲ့ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ၊ စနေနံတို့ကို အဆုံးထားပြီး မှည့်ရမယ်။ ဥပမာ ‘ဦးဆောင်’၊ ‘ဦးထိပ်’၊ ‘ဦးဝိတ်’တို့ ဆိုတာမျိုးပေါ့။ ပြောခဲ့တဲ့အတိုင်း အလယ်ခေါင်ကတော့ ကြိုက်နှစ်သက်တဲ့ အက္ခရာတွေ ထည့်နိုင်တယ်’။

‘တနင်္လာနံကို အစထားပြီး နာမည်မှည့်မယ်ဆိုရင်တော့ အပြန်ဖြစ်တဲ့ ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ၊ တနင်္ဂနွေနံတို့ကို အဆုံးထားပြီး မြို့၊ ရွာနာမည် မှည့်ရမယ်။ ဥပမာ ကလော၊ ကျောက်မဲ၊ ခင်ဦးတို့ဆိုတာမျိုးပေါ့’။

‘အင်္ဂါနံ အစထားပြီး မြို့၊ ရွာ၊ တိုင်း၊ နိုင်ငံ နာမည်တွေ မှည့်မယ်ဆိုရင်တော့ အပြန်ဖြစ်တဲ့ ကြာသပတေးနံ၊ သောကြာနံ၊ တနင်္လာနံတို့ကို အဆုံးထားပြီး နာမည်တွေ မှည့်ရမယ်။ ဥပမာ ဆိပ်ဖြူ၊ ဆတ်သွား၊ စဥ့်ကူးတို့ ဆိုတာမျိုးပေါ့’။

‘ဗုဒ္ဓဟူးနံ အစထားပြီး မြို့၊ ရွာတွေ နာမည်မှည့်မယ်ဆိုရင်တော့ အပြန်ဖြစ်တဲ့ သောကြာနံ၊ စနေနံ၊ အင်္ဂါနံတို့ကို အဆုံးထားပြီး မြို့၊ ရွာနာမည် မှည့်ရမှာပေါ့။ ဥပမာ လသာ၊ လနော်င်၊ လဆန်းတို့ဆိုတာမျိုးပေါ့’။

‘သောကြာနံ အစထားပြီး မြို့၊ ရွာ နာမည်တွေမှည့်မယ်ဆိုရင်တော့ အပြန်ဖြစ်တဲ့ တနင်္ဂနွေနံ၊ တနင်္လာနံ၊ ကြာသပတေးနံတွေကို အဆုံးထားပြီး မြို့၊ ရွာနာမည်မှည့်ရမှာပေါ့။ ဥပမာ သံဘို၊ သံကျော်၊ သံဦးတို့ဆိုတာမျိုးပေါ့’။

‘စနေနံ အစထားပြီး မြို့၊ ရွာ နာမည်တွေ မှည့်မယ်ဆိုရင်တော့ အပြန်ဖြစ်တဲ့ တနင်္လာနံ၊ အင်္ဂါနံ၊ သောကြာနံတို့ကို အဆုံးထားပြီး မြို့၊ ရွာ နာမည်မှည့်ရမှာပေါ့။ ဥပမာ နန်းစင်၊ ထုံးသာ၊ ထန်းကုန်းတို့ ဆိုတာမျိုးပေါ့’။

‘မေးပါဦးမယ် ကိုကြီးတောင်ကျော်ရဲ့၊ မူလနံထဲက တစ်လုံးလုံးနဲ့ အဆုံးနာမည်ကိုလည်း မူလနံထဲက အက္ခရာတစ်လုံးလုံးကိုထည့်ပြီး နာမည်ပေးတာတွေလည်း ရှိတယ်နော်။ အဲဒီလိုနာမည်မျိုးဆိုရင်ကော ဘယ်လိုမှတ်ရမလဲ။ သိချင်တယ်ဗျာ’။

‘ဒါကတော့ လွယ်ပါတယ် ကိုကြီးချမ်းအေးရာ၊ မူလနံထဲက အဆုံးမှာလည်း မူလနံအက္ခရာတစ်လုံးလုံးထည့်ပြီး မှည့်တာကို ရှေးပညာရှိတွေက လက်မခံဘူး။ အပင်ကို အပင်နဲ့အုပ်တယ်လို့ ဆိုကြတာပဲ။ မန္တလေးမြို့မှာ နာမည်တစ်ခုရှိခဲ့ဖူးတယ်။ ၈၃လမ်းနဲ့ ၈၄လမ်းကြား၊ ၂၉လမ်းရဲ့မြောက်ဘက်ဘေးမှာပေါ့ ‘နေပြည်တော်’တည်းခိုခန်းတဲ့။ ‘နေ’က မူလနံပေါ့ တော်ကတော့ မူလနံထဲက အက္ခရာပဲပေါ့။ သူ့ကို နာမည်မှည့်ကြည့်ရင် ‘နေတော်’လို့ရတယ်။ အပင်ကို အပင်က အုပ်ထားတဲ့ နာမည်ပဲပေါ့။ ထပ်ပြီး ပြောရရင် ‘နေ’ကလည်း ပူ တယ်၊ ‘တော်’ကလည်း ပူတယ်။ အပူကို အပူနဲ့ ထပ်ဆင့်ထားတဲ့ နာမည်ခံပဲ။ ဒီ ‘နေတော်’ဆိုတဲ့ တည်းခိုခန်းဟာ ကြာကြာမခံနိုင်ဘူး။ မီးဟာ မီးနဲ့ ထပ်ရှို့တော့ လောင်တာပဲပေါ့။ ဒီ ‘နေတော်’လို့ နာမည်ရတဲ့ နေပြည်တော် တည်းခိုခန်းဟာ နာမည်လေးရလို့မှ မကြာသေးဘူး အမှုအပေါက်တွေဖြစ်ပြီး ပျောက်ကွယ်သွားတော့တယ်လေး’။

‘ဒါကြောင့် မြို့၊ ရွာ၊ တိုင်း၊ နိုင်ငံ၊ နာမည်ပေးမယ်ဆိုရင် အထူးကို သတိထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနစ်ရက်သားသမီးတွေ နေထိုင်ကြမှာ ဖြစ်လို့ပေါ့။ မြို့၊ ရွာ၊ နာမည်မှားရင် ခုနစ်ရက်သားသမီးတွေ ဒုက္ခရောက်ကြမယ်လေ’။

‘ကိုကြီးတောင်ကျော်ရေ တစ်ခုမေးဦးမယ်နော်။ မန္တလေးကို ဘာဖြစ်လို့ ရတနာပုံလို့ ခေါ်ကြတာလဲ’။

‘မန္တလေးကို ရတနာပုံလို့ ခေါ်ကြတာဟာ ပန်းပဲမင်းကြီး ဦးမှိုက ကက်ကင်းခေတ်ပြန်ပေးခဲ့တာပါ။ ကက်ကင်းခေတ်ပြန်တယ်ဆိုတာ မူလနာမည်ရဲ့ အဆုံးအက္ခရာကို ရှေ့ဆုံးကထားပြီး မူလနာမည်ရဲ့အစအက္ခရာကို နောက်ဆုံးကထားပြီး နာမည်သစ် မှည့်တာကို ကက်ကင်းခေတ်ပြန်တယ်လို့ ခေါ်တာပဲ၊ မန္တလေးကိုပဲ ကြည့်လိုက်ပါ။ မူလနာမည်ရဲ့အဆုံးက ‘၄’ဖြစ်တယ်။ ‘၄’က ဗုဒ္ဓဟူးနံပေါ့။ အဲဒီ ဗုဒ္ဓဟူးနံထဲက ‘ရ’ကို အစ စကားလုံးလုပ်လိုက်တယ်။ မူလနာမည်ထဲက ‘မန်း’ကို အဆုံးထားပြီး ကြာသပတေးနံထဲက ‘ပုံ’ကို ယူလိုက်တယ်။ အတွင်းက နံတွေကတော့ သင့်သလို ထည့်လိုက်တယ်။ ဒီတော့ ကက်ကင်းနာမည် ရ-(ပုံ) ဖြစ်သွားတယ်။ အလယ်ခေါင်မှာ ‘တနာ’ကို ထည့်လိုက်တော့ ‘ရတနာပုံ’ဖြစ်သွားတာပေါ့။ အဲဒီ ‘ရတနာပုံ’ဟာ မြို့နာမည် အစစ် မဟုတ်ဘူး၊ မန္တလေးရဲ့ အရိပ်ဖြစ်တဲ့ ကက်ကင်းနာမည်ပဲ။ ဒါကြောင့် ရတနာပုံဆိုတဲ့ မြို့နာမည်၊ လုပ်ငန်းနာမည်၊ နာမည်စတာတွေဟာ အကျိုးမပေးနိုင်ဘူး။ အရိပ်ပျောက်သလို ပျောက်သွားကြမှာပဲ။ ဒါကြောင့် သက်ရှိနာမည်ပေးတာ သက်မဲ့နာမည်ပေးတာတွေကို ကွဲကွဲပြားပြားပေးကြဖို့ လိုမယ်။ သက်ရှိကို သက်မဲ့နာမည်တွေ ပေးကြတယ်။ သက်မဲ့ကိုလည်း သက်ရှိနာမည်တွေ ပေးနေကြတယ်။ ဒါတွေဟာ အမှားတွေဘဲ။ အထူးသတိထားကြမှဖြစ်မယ်။

‘တစ်ခုတော့လည်း ရှိတာပေါ့။ ကိုကြီး ချမ်းအေးရာ ပညာကို ချိုင်းကြားထား ချွေးစားလို့ကုန်ဆိုတဲ့အတိုင်း ဆိုသလိုဖြစ်နေကြတာပေါ့။ မူလပေးထားတဲ့နာမည်ကို အလွယ်ထားပြီး ရှေ့က တစ်လုံးတိုး နောက်က တစ်လုံးတိုးနဲ့ နာမည်တွေ မှည့်နေကြတာတွေကလည်း အမြောက်အမြားပဲလေ။ မန္တလေးကိုပဲ ကြည့်လိုက်ပါ။ မန္တလာတဲ့။ သီရိမန္တလာတဲ့။ မင်္ဂလာမန္တလေးတဲ့။ ရွှေမန္တလေးတဲ့။ ရတနာပုံကိုပဲ ကြည့်လိုက်စမ်းပါဦး။ ရတနာပုံမြို့သစ်တဲ့။ ရတနာပုံကွက်သစ်တဲ့။ ချမ်းမြသာစည်ကြည့်စမ်းပါ။ ချမ်းမြသာစည်မြောက်ရွာသစ်တဲ့။ ချမ်းမြသာစည်တောင်ရွာသစ်တဲ့’။

‘မြန်မာနိုင်ငံရဲ့ အဓိပတိဖြစ်တဲ့ ရန်ကုန်မြို့ကြီးထဲလိုက်ကြည့်စမ်းပါ။ တောင်ဥက္ကလာတဲ့၊ မြောက်ဥက္ကလာတဲ့၊ တောင်ဒဂုံတဲ့၊ မြောက်ဒဂုံတဲ့ အလွယ်ကြိုက်လိုက်ကြတဲ့ ပညာရှိကြီးတွေပေါ့’။

‘ကိုကြီး ချမ်းအေးရေ နေရပ်ပြန်ဆိုတဲ့ ပန်းပဲမင်းကြီး ဦးမှို လမ်းပြခဲ့တဲ့ ရွာ၊ မြို့၊ တိုင်း၊ နိုင်ငံ၊ နာမည် မှည့်နည်းတွေကို အကုန်အစင်ပြောခဲ့ပြီဗျာ။ ချိုင်းကြားထားပြီး ချွေးစားမသွားအောင် အမှားကြာတော့ အမှန်ထင်နေကြတဲ့ အစွဲဆိုးကြီးကို အမြစ်ပါမကျန် တွန်းလှန်နိုင်ကြပါစေလို့ အားနာပါးနာနဲ့ ပြောလိုက်ချင်ပါတယ်ဗျာ’။

အဘိုးတို့၏ စကားဝိုင်းသည် ရပ်သွား၏။ နေမင်းကလည်း အနောက်ဂေါ်ယာကျွန်း ယွန်းနေပြီဖြစ်၏။ ကျေးငှက်တို့လည်း အိပ်တန်းဝင်ရန် တောင်ပံခတ်နေကြပြီ ဖြစ်၏။

မောင်လောက

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားပြုလုပ်

**ကသာ ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ် (၄) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက်စာကြည့်တိုက် Video Clip အား ပြသခဲ့သည်။ ဆက်လက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အလှူငွေများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မိမြို့ဖတို့မှ စာအုပ်စာစောင်များနှင့်အလှူငွေများ လှူဒါန်းကြရာ အ-မ-က (၄) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမတို့မှ လက်ခံရယူခဲ့သည်။ အခမ်းအနားတွင် ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို ကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဇလုံရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ခြေတစ်ချောင်းထောက်ပြိုင်ပွဲနှင့် အိတ်စွပ်ယှဉ်ပြိုင်နေမှုတို့ကို အားပေးကြည့်ရှုကြပြီး အမှတ်တရ ဆုလက်ဆောင်များ အသီးသီးချီးမြှင့်ခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

# ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး အာရပ်ရှစ်နိုင်ငံက ပံ့ပိုးကူညီသွားမည်ဟု ကတိပြု



**အမ္မန် ဒီဇင်ဘာ ၁၅**

ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် အာရပ်ရှစ်နိုင်ငံက ပံ့ပိုးကူညီသွားမည်ဟု ကတိပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

အာရပ်အဖွဲ့ချုပ် နိုင်ငံများဖြစ်သော ဂျော်ဒန်၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ လက်ဘနွန်၊ အီဂျစ်၊ ယူအေအီး၊ ဘာရိန်းနှင့် ကာတာ ရှစ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဂျော်ဒန်နိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သော အကွာဘာမြို့၌ ဆီးရီးယားအရေးညှိနှိုင်းဆွေးနွေးပြီးနောက် ဒီဇင်ဘာ ၁၄ ရက်တွင် ပူးတွဲကြေညာချက်ထုတ်ပြန်ကာ ထိုသို့ကတိပြုလိုက်ခြင်းဖြစ်သည်။

၂၀၁၅ခုနှစ်က လုံခြုံရေးကောင်စီထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် ၂၂၅၄နှင့်အညီ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့က ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးအသွင် ကူးပြောင်းမှုဖြောင့်ဖြူးချောမွေ့စေရန် ပံ့ပိုးကူညီသွားမည်ဟု ဆိုသည်။

လက်ရှိဆီးရီးယားကြားဖြတ်အစိုးရက နိုင်ငံသားအားလုံး၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သွားမည်ဟု ကတိပြုထားကြောင်း သိရသည်။ (Mon)

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ချိုဒိုဟုအမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းဖြတ်သန်းတိုက်ခတ်သွားသဖြင့် ပြင်သစ်နိုင်ငံမာယော့ကျွန်းပေါ်ရှိ လူနေအိမ်များများစွာပျက်စီးသွားသည်ကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (Mon)

# ဘာလီကိုးဟု ခေါ်တွင်သော မူးယစ်မှောင်ခိုဂိုဏ်းမှ အဖွဲ့ဝင်ငါးဦး ဩစတြေးလျနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၁၅**

ဘာလီကိုးဟု ခေါ်တွင်ခဲ့သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းမှ အဖွဲ့ဝင်ငါးဦး ဩစတြေးလျနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံသားများဖြစ်သော စီယိချန်၊ မိုက်ကယ်လ်ဇူဂျတ်၊ မက်သယူးနော်မန်၊ စကော့ရပ်ရှ်နှင့် မာတင်စီတီဖင်းစ်တို့ ငါးဦး ဒီဇင်ဘာ ၁၅ ရက်တွင် ပြန်လည်ရောက်ရှိ လာပြီဖြစ်သဖြင့် ဝမ်းမြောက်မိကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က အင်တာနက်လူမှုကွန်ရက်တွင် ကျေးဇူးတင်ကြောင်း ၎င်းကထည့်သွင်းရေးသားခဲ့သည်။

၎င်းတို့ ငါးဦး၏ ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကို ဖြေလျှော့ပေးကာ ဩနေနိုင်ငံသို့ ပြန်ခွင့်ရအောင်စီစဉ်ပေးခဲ့သဖြင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းက ထည့်သွင်းရေးသားခဲ့သည်။

၂၀၀၅ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ ဘိန်းဖြူ ၁၈ ပေါင်ကို မှောင်ခိုသယ်ဆောင်ရန် ကြိုးစားစဉ် ဩစတြေးလျနိုင်ငံမှ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းသားကိုးဦးကို ဖမ်းဆီးရမိခဲ့ရာမှ ၎င်းတို့ကို ဘာလီကိုးဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂိုဏ်းခေါင်းဆောင်ဟုဆိုသော အင်ဒရူးချန်းနှင့် မြူရန်ဆုကုမာရန်တို့နှစ်ဦးကို ၂၀၁၅ခုနှစ်တွင် အင်ဒိုနီးရှားသေဒဏ်စီရင်သည့် သေနတ်ကိုင်တပ်ဖွဲ့က ပစ်သတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (Mon)



# အသက် ၇၁နှစ်အရွယ် မန်းဂိုးကုမ္ပဏီတည်ထောင်သူ တောင်တက်နေစဉ် ချောက်ကမ်းပါးထဲပြုတ်ကျသေဆုံး

**မက်ဒရစ် ဒီဇင်ဘာ ၁၅**

စပိန်နိုင်ငံတွင် အခြေစိုက်သည့် မန်းဂိုးအဝတ်အစားကုမ္ပဏီ တည်ထောင်သူ အသက် ၇၁နှစ်အရွယ် အိုက်ဇက်အန်းဒစ်သည် တောင်တက်နေစဉ် ချောက်ကမ်းပါးထဲသို့ မတော်တဆပြုတ်ကျပြီး သေဆုံးခဲ့သည်ဟု ဒီဇင်ဘာ ၁၄ ရက်က အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံဖွား အန်းဒစ်သည် ၁၉၆၀ပြည့်လွန်နှစ်များက မိသားစုနှင့်အတူ စပိန်နိုင်ငံသို့ ကူးပြောင်းအခြေချနေထိုင်ခဲ့သည်။

၎င်းသည် ၁၉၈၄ခုနှစ်က မန်းဂိုးအဝတ်အစားကုမ္ပဏီတည်ထောင်ခဲ့ပြီးနောက် လုပ်ငန်းချဲ့ထွင်နိုင်ခဲ့ရာမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလျံအထိ ကြွယ်ဝချမ်းသာလာခဲ့ကြောင်း သိရသည်။ (Mon)

၀-၀-၀-၀-၀

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆီးရီးယားအကြမ်းဖက်သူပုန်များနှင့် တွေ့ဆုံပြီးပြန်လည်ရောက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

ဆီးရီးယားအကြမ်းဖက်သူပုန်များနှင့်တွေ့ဆုံပြီး၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကင် ဒီဇင်ဘာ ၁၄ ရက်က ဂျော်ဒန်နိုင်ငံမှ အမေရိကန်သို့ပြန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ရှိအာဏာရနေသော အိတ်ချ်တီအက်စ်ဟု အမည်ရသည့် အကြမ်းဖက်သူပုန်များနှင့် မိမိတွေ့ဆုံဆွေးနွေးခဲ့သည်မှာ ဟုတ်မှန်ကြောင်း အမေရိကန်သို့ မပြန်မီ ဂျော်ဒန်နိုင်ငံ အကွာဘာမြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ၎င်းကထုတ်ဖော်ပြောကြားသည်။

အမေရိကန်အစိုးရကဘက်က ဖြစ်စေလိုသော ဆီးရီးယားနိုင်ငံ အသွင်ကူးပြောင်းရေးပုံစံအကြောင်းကိုသာမက ၂၀၁၂ခုနှစ်ကတည်းက ပျောက်ဆုံးနေသော အမေရိကန်အလွတ်သတင်းထောက်အော်စ်တင်တစ်ကို ပိုင်းဝန်းရှာဖွေပေးစေလိုကြောင်းကိုလည်း ၎င်းတို့နှင့် ဆွေးနွေးခဲ့သည်ဟု ဘလင်ကင်က ဆက်လက်ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် လက်ရှိအာဏာရနေသူများမှာ ၂၀၁၈ ခုနှစ်တွင် အမေရိကန်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံထားရသော အင်အားစုဝင်များဖြစ်ကြောင်း သိရသည်။ (Mon)

# နှစ်၃၀ခန့်ငြိမ်နေသော ကမ္ဘာ့အကြီးဆုံးရေခဲပြင်ကြီး မြောက်ဘက်သို့ ဦးတည်ပြီးပြန်လည်ရွေ့လျားမျောပါနေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**


နှစ်ပေါင်း ၃၀ခန့်ကြာအောင် ငြိမ်သက်နေသော ကမ္ဘာ့အကြီးဆုံး ရေခဲပြင်ကြီးသည် ယခုအခါ မြောက်ဘက်သို့ ဦးတည်ပြီး ပြန်လည်ရွေ့လျားမျောပါနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၀ပြည့်နှစ်က အဆိုပါရေခဲပြင်ကြီးသည် တောင်သမုဒ္ဒရာထဲရှိ ဝက်ဒဲလ်ပင်လယ်ပြင်အတွင်း ညှပ်ပိတ်မိနေခဲ့ရာမှ မြောက်ဘက်သို့ ရွေ့လျားကာ အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ ဝင်ရောက်လာမည်ဟု ပညာရှင်များက တွက်ချက်ခန့်မှန်းသည်။

မဟာလန်ဒန်မြို့တော်ဧရိယာတမျှ ၁၅၀၀စတုရန်းမိုင်ကျယ်ဝန်းကာ ၁၃၁၂ပေထုထဲသော ယင်း ရေခဲပြင်ကြီးသည် ၁၉၈၆ခုနှစ်တွင် အန္တာတိကတိုက်မှ ပဲ့ထွက်လာခဲ့သည်။



ရေခဲပြင်ဖြတ်သန်းသွားသော ရေပိုင်နက်တစ်ဝန်းတွင် ဖြစ်ပေါ်လာမည့် ဂေဟစနစ်ထူးခြားချက်များကို စောင့်ကြည့်လေ့လာသွားမည်ဟု ဇီဝဘူမိဓာတုပညာရှင် လော်ရာတေလာက ရှင်းလင်းပြောကြားကြောင်း သိရသည်။ (Mon)



**STOP AIDS**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Treasure အဖွဲ့ MAMA 2024 တွင် အကြိုက်ဆုံးအဖွဲ့ဆု ရရှိ




၂၀၂၄ ခုနှစ် MAMA ဆုပေးပွဲတွင် ထရက်ရှာအဖွဲ့က ပရိသတ် အကြိုက်ဆုံး အမျိုးသားအဖွဲ့ဆု Favorite Male Group Award ကို ရရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် ချိုင်ဟန်ဆစ်က ကျေးဇူးတင်စကား ပြောကြားခဲ့ရာ ထိုဆုပေးပွဲသို့ လေးကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး အကြိမ်တိုင်း ပရိသတ်ရွေးချယ်ပေးသည့်ဆု ရရှိခဲ့၍ ဂုဏ်ယူကြောင်း၊ ရှေ့ဆက်၍လည်း ပိုမိုကောင်းမွန်အောင် ဖန်တီး၍ ကြိုးစားဦးမည်ဖြစ်ကြောင်းနှင့် ထရက်ရှာအဖွဲ့၏ ဂီတ အယ်လ်ဘမ်သစ်ကိုလည်း စောင့်မျှော်ပေးကြပါရန် ဆုပေးပွဲတွင် ကြော်ငြာစကားပါ ပြောကြားခဲ့သည်။ (SKY)



## ကြာရှည်ခံစေသောအစားအစာများစားသုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုး အနည်းနှင့်အများ ခံစားရနိုင်

ယနေ့ခေတ်တွင် အစားအစာယဉ်ကျေးမှုစုံလင်ထွေပြားစွာ ထွန်းကားလျက်ရှိရာ မိမိတို့စိတ်ကြိုက်အစားအစာများကို နှစ်သက်ရာ ရွေးချယ်ဝယ်ယူစားသုံးနိုင်မည် ဖြစ်သည်။

အစားအစာသည် စားသုံးသူကို ဝလင်တင်းတိမ်စေရုံသာမက ကိုယ်ခန္ဓာအတွက် လိုအပ်သောအာဟာရဓာတ်အမျိုးမျိုးကိုလည်း ဖြည့်စွမ်းပေးသော သဘာဝရှိသည်။

အစားအစာအချို့မှာမူ စားသုံးသူ၏ကျန်းမာရေးကို ထိခိုက်စေတတ်သဖြင့် ရှောင်ကြဉ်အပ်သည်ဟု ဆရာဝန်များက ညွှန်ကြားလေ့ရှိကြရာ ထိုအစားအစာများထဲတွင် ကြာရှည်ခံစေသော အစားအစာများလည်းပါဝင်သည်။

ထိုအစားအစာများ စားသုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုး အနည်းနှင့်အများခံစားရနိုင်သဖြင့် ဆင်ခြင်စားသုံးကြရန် ဗြိတိန်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက သတိပေးလိုက်ကြောင်း သိရသည်။ (SCI)

## Kamya Punjabi သည် အကောင်းဆုံးဗီလိန်မင်းသမီးဆု သုံးကြိမ်ရရှိထား



ဘောလိဝုဒ်ပြဇာတ်၊ သရုပ်ဆောင် မင်းသမီး ကမ်မီယာပန်ဂျာဘီမှာ သရုပ်ဆောင်စွမ်းရည်ပြည့်ဝသူဖြစ်၍ အကောင်းဆုံး ဗီလိန်ဇာတ်ရုပ်ပိုင်နိုင်ကာ ဗီလိန်ဆု သုံးဆုရရှိထားသူဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မေတ္တာရှင်မလေး၏သတို့သား Banoo Main Teri Duhaan နှင့် ပရိသတ်အားပေးမှုရရှိထားသော ကမ်မီယာပန်ဂျာဘီမှာ Soap Oprea မှလာကာ သရုပ်ဆောင်ပိုင်နိုင်၍ ရုပ်ရှင်ဇာတ်ကား ရှားပါးပြီး ရုပ်သံနှင့် ရသစုံများသာ ရိုက်လေ့ရှိသည်။

ကမ်မီလာပန်ဂျာဘီ ရိုက်ကူးသော ဇာတ်ကား ၁၀ကားတွင် ရှစ်ကားမှာ ဗီလိန်ဇာတ်ရုပ်များသာဖြစ်ပြီး အကောင်းဆုံး ဗီလိန် ဆုသုံးဆုကို ရရှိပိုင်ဆိုင်ထားသည့် မင်းသမီးလည်း ဖြစ်သည်။ (SKY)

* * * * *

## Li Ziqi က ရိုးရာအတတ်ပညာများကို စေတနာအပြည့်နှင့် ဖော်ပြသည့် Video Vlogger ဖြစ်


တရုတ်နိုင်ငံမှ နာမည်ကြီး Video Vlogger လီကျစ်ချီသည် ကျေးလက်ဒေသရှိ ရိုးရာအတတ်ပညာများကို စေတနာအပြည့်နှင့် ဖော်ပြတင်ဆက်နေသူတစ်ဦးဖြစ်ပြီး ဖြူစင်ရိုးသားမှုကို အမြဲကျင့်သုံးနေသူဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီကျစ်ချီက လန်ကျိုးအမဲသားခေါက်ဆွဲ ဗီဒီယိုရိုက်ရန် ဒေသခံခေါက်ဆွဲပညာရှင်တစ်ဦးထံတွင် ပညာသင်ယူသကဲ့သို့ Movable type ပုံနှိပ်ပညာအတွက်လည်း ခရီးဝေးကိုသွား၍ အချိန်သုံးလကြာ လေ့ကျင့်ခဲ့ပြီး ပိုးချည်မျှင်ပတ်စောင်ပြုလုပ်မှုလုပ်ငန်းစဉ်အတွက် ပိုးစာမွေးမြူခြင်းအဆင့်မှစတင်၍ တစ်နှစ်ကျော် မှတ်တမ်းရိုက်ကူးခဲ့သူ ဖြစ်သည်။



ကျေးလက်ဒေသ ရိုးရာအတတ်ပညာများကို စေတနာအပြည့်နှင့် ဖော်ပြတတ်သည့် လီကျစ်ချီသည် သုံးနှစ်တာ နားနေခဲ့ရာမှ Video Vlogger အဖြစ် ပြန်လည်ရောက်ရှိလာသည်။ (SKY)

## Thappad ရုပ်ရှင်တွင် ကြောက်စရာကောင်းသော မိသားစုအကြောင်း တင်ပြထား




ဘောလိဝုဒ်ရုပ်ရှင် Thappad ကို ဒါရိုက်တာ အနူဒါပေးဆူရှီလာဆင်းဟာက ရိုက်ကူးထားပြီး မိသားစုအသိုက်အဝန်းတစ်ခုတွင် ကြောက်စရာ ရွံစရာကောင်းသည့် မိသားစုအကြောင်း တင်ပြရိုက်ကူးထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အဓိက မင်းသမီး တပ်ဆီး ပါဝင်သရုပ်ဆောင်ထားကာ ခင်ပွန်းဖြစ်သူက လူကြားထဲတွင် ပါးတစ်ချက်ရိုက်မိသွား၍ ကွာရှင်းခွင့်တောင်းကာ ကွာရှင်းခဲ့သည်ကို ပါးတစ်ချက်နှင့် တစ်ခုလပ်မိန်းမ ဖြစ်ရသည်မှာ တန်ရဲ့လားဟု ပရိသတ်က မေးခွန်းထုတ်ခဲ့ကြသည်။

ဒါရိုက်တာက သူ့ရည်ရွယ်ချက်ကို ပြန်လည်ရှင်းပြထားရာတွင် ပါးတစ်ချက်ရိုက်ရုံနှင့် ကွာရှင်းခဲ့ခြင်းမဟုတ်ဘဲ မိမိဇနီးကို ပါးရိုက်သည်မှာ မထူးဆန်းဟု ခံယူထားသော မိသားစု၏အတွေးအခေါ်မှာ ကြောက်စရာ၊ ရွံစရာဖြစ်၍ ကိုယ်ဝန်ရှိနေသည့်တိုင် လမ်းခွဲလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ (SKY)

## Miley Cyrus ၏ ဂီတသစ်အတွက် ကူညီသူတွေ့ရှိ


ဟောလိဝုဒ် အနုပညာရှင် မိုင်လေးဆိုင်းရပ်စ်သည် ဂီတသစ်ထွက်ရှိရန်အတွက် ပြင်ဆင်နေပြီး ကူညီပေးမည့်သူရှိကြောင်း ပြောကြားသွားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



မိုင်လေးဆိုင်းရပ်စ်မှာ ခင်ပွန်းဟောင်းနှင့် ကွာရှင်းပြီး ဒစ်စနေးစတားဟောင်း၊ ဒရမ်သမား၊ ထုတ်လုပ်သူ မက်စ်မာရမ်ဒိုနှင့် တွဲနေသောသတင်း လက်ရှိတွင် ပေါ်ထွက်လာခဲ့သည်။

မိုင်လေးဆိုင်းရပ်စ်က ၃၂ နှစ်နှင့် မက်စ်မာရမ်ဒိုက ၂၆ နှစ်ဖြစ်ပြီး အသက်ကွာဟမှုကို အရေးမထားဘဲ သူက တီဗွီနှင့် ကြီးပြင်းကာ ချစ်သူက လက်ပ်တော့နှင့် ကြီးပြင်းလာ၍ အကြံဉာဏ်ကောင်းများ၊ နည်းပညာများ ပေးနိုင်ပြီး ဂီတသစ်တွင်လည်း တေးရေးအဖြစ် ကူညီပေးဦးမည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားသွားသည်။ (SKY)

## Lana Del Rey သည် The Greatest Pop Star စာရင်းတွင် ပါဝင်ခြင်းမရှိခဲ့



Billboard မှ ၂၁ ရာစုအတွင်း အောင်မြင်ကျော်ကြားဆုံး ပေါ့ပ်စတား The Greatest Pop Star စာရင်းထုတ်ပြန်ပေးခဲ့ရာ လာနာဒါရေး မပါဝင်ခဲ့သဖြင့် မေးခွန်းထုတ်ခံခဲ့ရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် နံပါတ်သုံးမှစ၍ ၂၅ အထိ ဖော်ပြထားရာ ရီဟာနား၊ ဒရိတ်၊ လေဒီဂါဂါ၊ ဘရစ္စနေ၊ စပီးယားကန်နီဝက်စ်၊ ဂျက်စတင်ဘီဘာ၊ အာရီနာဂရန်ဒါ၊ အဒဲလ်၊ အူရှား၊ အမ်မီနမ်၊ နစ်ကီမီနာဂျ်၊ ဂျက်စတင်ဘာလိပ်၊ မိုင်လေးဆိုင်းရပ်စ်၊ ဂျေဇက်၊ ရှာကီရာ၊ သည်ဝီကင်း၊ ဘီတီအက်စ်၊ ဘရူနိုမတ်စ်၊ လီဝေနီ၊ ဝမ်းဒါရိုက်ရှင်၊ ဘက်ဘန်နီ၊ အက်ရှာရှန်နှင့် ကေတီပရီတို့ ပါဝင်ခဲ့ကြသည်။

နံပါတ်တစ်နှင့် နှစ်ကို ဘီဘုတ်လ်မှ မထုတ်ပြန်ထားသော်လည်း တေလာဆွိစ်နှင့် ဘီယွန်ဆေးဟု ခန့်မှန်းထားကြပြီး လာနာဒါရေး ပါဝင်မှုမရှိ၍ ဘီဘုတ်လ်ကို မေးခွန်းထုတ်ထားကြသည်။ (SKY)



# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်

**အောင်လံ ဒီဇင်ဘာ ၁၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါဝင်ကူညီခဲ့သည့် ဘင်ခရာနှင့် ယန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများ ဝေငှပေးကြပြီး ကျောင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောင်းစာကြည့်တိုက်၊ ဂိမ်းကစားပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာ တိုးတက်စေရမည်" Video Clipအား ပြသခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့" သီချင်းဖြင့်လည်းကောင်း၊ "အောင်မြင်ပါစေ မြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ အသီးသီး သီဆိုကပြဖျော်ဖြေခဲ့ကြပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးက ပြန်လည်သရုပ်ပြသခဲ့သည်။

ဆက်လက်၍ စာပေဆိုင်ရာ ပြိုင်ပွဲများဖြစ်သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာပေဆိုင်ရာ ပြိုင်ပွဲများအဖြစ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် စာဖတ်ဝိုင်းများအပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများကို ထည့်သွင်း ကျင်းပခဲ့ကာ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# မဟာမြိုင်(၁)၊ (၂)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၁၅**



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ (၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို နတ်တော်လပြည့်နေ့ နံနက် ၄ နာရီခွဲက ၆၉လမ်းနှင့် ၃၅လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်၊ ဘီစကစ်မုန့်၊ ကော်ဖီမစ်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထု ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထု ငွေကျပ် ၇၅၀၀၀နှင့် သင်္ကန်းဒွိစုံ ငါးစုံ၊ သင်္ကန်းပန်းခြင်းတို့ကို စာရေးတံမဲဖောက်၍ မဟာမြိုင်(၁)၊ (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဇနီးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**(ဝ၄ဝ)**

# ယခုဘဏ္ဍာနှစ်တွင် တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် ၄၅၇ ခုကို ခွင့်ပြုပေးထား

**မန္တလေး ဒီဇင်ဘာ ၁၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအား တရားဝင် ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းမှတ်ပုံတင် ၄၅၇ ခုကို ခွင့်ပြုပြီး ထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးရန် ၄၅၀ လျာထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်း အမျိုးအစားအလိုက် ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားများသည် စားသောက်ရေးဆိုင်ရာလုပ်ငန်း ၂၄၂ ခု၊ ဝတ်ဆင်ရေး ဆိုင်ရာလုပ်ငန်း ၂၄ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၄၃ ခု၊ အိမ်သုံးပစ္စည်းလုပ်ငန်း ၁၆ ခု၊ စိုက်ပျိုးရေး



ပစ္စည်းဆိုင်ရာလုပ်ငန်း ၁၆ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း တစ်ခု၊ ကုန်ကြမ်းလုပ်ငန်း နှစ်ခု၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း ရှစ်ခု၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း တစ်ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၁၄ ခု၊ အထွေထွေအသေးစားစက်မှုလုပ်ငန်း ၉၀ ခု စုစုပေါင်းလုပ်ငန်းမှတ်ပုံတင် ၄၅၇ ခုကို ယနေ့အချိန်ထိ ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

"ယခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်များအတွက် လုပ်ငန်းမှတ်ပုံတင်ကို ၄၅၀ လျာထားပြီးတော့ ထုတ်ပေးသွားမှာပါ။ ယနေ့အချိန်အထိ တစ်ပိုင်တစ်နိုင်လုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးတာ ၄၅၇ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ ဆက်လက်ပြီး လုပ်ငန်းမှတ်ပုံတင်များအတွက် စိစစ်ပြီးခွင့်ပြုထုတ်ပေးသွားမှာပါ။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးပါတယ်။ ဘဏ္ဍာနှစ်အလိုက်လည်း ထုတ်ပေးနေတာပါ။ တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ဖို့ကို မှတ်ပုံတင်တွေ ထုတ်ပေးနေတာပါ။ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေဖို့အတွက်လည်း ရည်ရွယ်ချက်များနဲ့ ထုတ်ပေးဆောင်ရွက်နေတာပါ"ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးမည်ဖြစ်သော လုပ်ငန်းအမျိုးအစားများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်း စသည့်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လိုသူများအတွက် လုပ်ငန်းမှတ်ပုံတင်များကို ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၇၃)**

# မင်းလှမြို့ မြောက်ရပ် အခြေခံပညာအလယ်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**အထက်မင်းလှ ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက မြောက်ရပ် အခြေခံပညာအလယ်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြောက်ရပ် အခြေခံပညာအလယ်တန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇာခြည်ထွန်းက စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်တတ်စေရေး အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက ကလေးအလုပ်သမား ပပျောက်ရေး အကြောင်းအရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ စာဖတ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးများ ဉာဏ်စွမ်းရည်ဖွံ့ဖြိုးစေရေးနှင့် စာဖတ်သည့် အလေ့အကျင့်ရရှိစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနား တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ဖတ်ကြားစဉ်။

**စစ်တွေ ဒီဇင်ဘာ ၁၅**

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးဒေါ်နုမြဖ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဇဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရက္ခပူရတေးဂီတအဖွဲ့က "ရွှေရတုချိန်ခါ ရခိုင်ပြည်နယ်ပါ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွက် ပေးအပ်သည့် 50 W ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ဒေါက်တာမူထန်တို့က ပြည်နယ်စီမံထူးချွန်ဆု(ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ပထမဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "သျှိုင်ဒိုင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဇဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု(တတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(တတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "ရိုးမရံစီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြကာ ရခိုင်တိုင်းရင်းသားရိုးရာ အကအဖွဲ့က "ဇမ်း" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့သွားရောက်ပြီး ရှေးဟောင်း အမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သင်္ဘောများ၊ ရေယာဉ်များဖြင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန် ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်)ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

# မန်ယူအသင်းက မန်စီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူ




**မန်ချက်စတာ ဒီဇင်ဘာ ၁၅**

မန်ချက်စတာဒါဘီပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက မန်စီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၈မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်၊ ပွဲချိန် ၉၀မိနစ်တွင် ဒီယာလိုတို့က သွင်းယူပေးခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၃၆မိနစ်တွင် ဂီဗာဒီယိုလ်က သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ် (၁၆)ပွဲ ကစားအပြီးတွင် မန်စီးတီးအသင်းက အမှတ်ပေးဇယား အဆင့် (၅)နေရာ၊ မန်ယူအသင်းက အမှတ်ပေးဇယား အဆင့် (၁၂)နေရာတို့တွင် ရပ်တည်ခဲ့သည်။

**(NGB)**